# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၂) ရက် ၊ တနင်္လာနေ့ ၊ (2-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၆)**


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)ကို ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

(၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ⚐**





**Myanmar Mobile Money (MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်း ငွေပေးချေမှုများ ဆောင်ရွက်ခြင်း
ပြည်တွင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံ စီးပွားရေးပညာနှစ် ၁၀၀

စီးပွားရေးပညာသည် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ Department of Economics စတင်ဖွင့်လှစ်ချိန်၌ ရောက်ရှိလာခဲ့သည်။ ယခု ၂၀၂၄ ခုနှစ်တွင် စီးပွားရေးပညာနှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် အတိတ်ကာလ ၁၉၂၄ ခုနှစ်မှစတင်၍ နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏လူမှုစီးပွားကဏ္ဍတို့တွင် စီးပွားရေးပညာက နှစ်ပေါင်း ၁၀၀ တိုင်တိုင် အထောက်အကူပြုခဲ့ပြီဖြစ်ပေသည်။

"ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့်ပတ်သက်ပြီး ထူးခြားသည့်နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးသမိုင်းတွင် စီးပွားရေးပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် "စီးပွားရေးပညာနှစ် ၁၀၀ သက်တမ်း" ကာလအတွင်း ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများ၊ စီးပွားရေးဘွဲ့ရများ၊ လက်ရှိ စီးပွားရေးပညာသင်ယူနေဆဲ ကျောင်းသား၊ ကျောင်းသူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနေကြသူများအားလုံး၏ ဂုဏ်ယူဖွယ်နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း" နိုဝင်ဘာ ၂၈ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်၁၀၀" ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကာလ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့၏ အားပြိုင်မှုများကို မြန်မာနိုင်ငံအနေဖြင့် အနည်းနှင့်အများ သက်ရောက်ခံစားကြရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဦးတည်ချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတွင်းရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သာမက အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

သို့ဖြစ်ရာ နယ်ပယ်စုံကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို "စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုးတို့သယ်ပိုး"ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွားမှသည် နိုင်ငံနှင့်ပြည်သူများ၏အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့်အတွေ့-ပရမ်းပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး စီးပွားရေးပညာနှစ် ၁၀၀ မှသည် နောင်နှစ်ပေါင်းများစွာတိုင် အဓွန့်ရှည်တည်တံ့စေရေးအတွက် စီးပွားရေးပညာရှင်များက စဉ်ဆက်မပြတ် ကြိုးပမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှတ် (၂၉) အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကြည့်ရှုအားပေး



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်ပါ ရှင်းလင်းပြသရာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ အမြဲသန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရေးတို့ကိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာ လှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကကတစ်ငါးပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကကတစ်ငါးပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကကတစ်ငါးပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက် မှ ၃၀ ရက်ထိ ကကတစ်ငါးပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အဆိုပါဈေးကွက်ဝင် ကကတစ်ကကတစ်ငါးတစ်ပိသာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါးပိသာချိန် ၇၃၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့လို့ တင်ပို့ရောင်းအားတက်ခဲ့တာပါ။ တင်ပို့အားတက်တော့ ကုန်သွယ်လုပ်ငန်းရေလုပ်ငန်းလုပ်တဲ့သူတွေ အဆင်ပြေတဲ့အခြေအနေဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

အဆိုပါဈေးကွက်ဝင် ကကတစ်ငါးများသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလျား ၂၅ မှ ၁၀၀ စင်တီမီတာအတွင်းရှိပြီး အကြီးဆုံးမှာ စင်တီမီတာ၂၀၀ ထိရှိပြီး ကကတစ်ငါးများကို ရေချိုတွင်လည်းကောင်း၊ ရေချိုရေငန်စပ်တွင်လည်းကောင်း၊ ရေငန်တွင်လည်းကောင်း စီးပွားဖြစ်မွေးမြူကြပြီး မြေကန်များနှင့် မြစ်ချောင်းများတွင် လှောင်အိမ်များဖြင့်လည်း မွေးမြူကြကြောင်း၊ အဆိုပါ ကကတစ်ငါးများကို သုံးလက်မ သို့မဟုတ် လေးလက်မအရွယ်မှ စတင်မွေးမြူပါက ခုနစ်လအကြာတွင် ပျမ်းမျှအလေးချိန် ဂရမ်၇၅၀ ထိရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေးဝ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၄၄ ဧကနှင့် ဖူးစားပြောင်းဧက ၁၆၁၀ စုစုပေါင်း ၂၁၅၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၉၅ ဧကနှင့်ဖူးစားပြောင်း ၁၂၄၈ ဧက စုစုပေါင်း ၁၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးလျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေနဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူး အဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝင်းကျန်ကျေးရွာ၌ စိုက်ပျိုးသီးနှံများ အချိန်မရွေး စိုက်ပျိုးရေ ရရှိစေရန် ရည်ရွယ်၍ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖော်အွာနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ဝင်းကျန်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေး ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ဝင်းကျန်ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ 3 HP Submersible Pump တပ်ဆင်ခြင်းနှင့် ဆိုလာ 410 W ၁၃ ချက်(5.33 KW)တပ်ဆင်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆၃၇ သန်းဖြင့် ဌာနကော်မတီမှ ဇွန်လ တတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ စိုက်ဧက ၂၀ အတွက် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနေပြီဖြစ် ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

**ကိုသက်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ကိုမြတ်မင်းကျော်-မဆုမြတ်သက်မိသားစုက ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှု



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ပြည့် အထိမ်းအမှတ်(၁၇) ကြိမ်မြောက် ပန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး)တည်ဆောက်နေမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ပြည့်အထိမ်းအမှတ်(၁၇) ကြိမ်မြောက် ပန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုသွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူက ဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် (၁၇) ကြိမ်မြောက်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ ကျင်းပသွားရန် ကြိုတင်ပြင်ဆင်နေမှု၊ ပန်းပွဲတော်ကာလတွင် ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း ပြည်ပပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသမည့် ဇုန်တစ်ဇုန် အပါအဝင် ဇုန်ရှစ်ဇုန် ပါဝင်ပြီး ရာသီပန်းမျိုးစိတ် ၂၀ မျိုးမှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ မျိုး စုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသသွားရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပန်းပွဲတော်ကျင်းပသည့် ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်း ထည့်သွင်းဆောင်ရွက်ထားမှုတို့ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများကို လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး (ညံ့တောဈေး)ကို ခေတ်မီအဆင့်မြင့် အာစီရ်ခြောက်ထပ်ဈေးကြီး တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွင်းဆင်းကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သဖန်းပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာ၌ လမ်းအပိုင်း(၁) အရှည် ပေ ၄၀၄၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မနှင့် လမ်းအပိုင်း(၂)ကို အရှည် ပေ ၁၂၄၀၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅ သန်းဖြင့် VJAT ကုမ္ပဏီမှ တာဝန်ယူ၍ အောက်တိုဘာလ ၂၀ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သဖန်းပင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေ ဧက ၁၅၀ မှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# ရွှေသောင်ယံကမ်းခြေသို့ နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည်ဦးရေ ၂၄၅၄၅ ထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေကို နိုဝင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၂၄၅၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်မြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၇၈၅၇ ဦးထိသာ လာရောက်လည်ပတ်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၂၄၅၄၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

''ရွှေသောင်ယံကမ်းခြေကို ရုံးပိတ်ရက်တွေ အပါအဝင် ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည် ၂၄၅၄၅ ယောက်ထိ လာရောက်လည်ပတ်ခဲ့တာပါ။ ပွင့်လင်းရာသီအစ ကာလဖြစ်ပေမဲ့ ခရီးသွားတွေမပြတ် လာရောက်လည်ပတ်ခဲ့တာပါ။ ရွှေသောင်ယံကမ်းခြေကို လာမဲ့ ပွင့်လင်းရာသီအချိန်မှာ ခရီးသွားတွေ ပိုမိုလာရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ကမ်းခြေကိုလာတဲ့ ဧည့်သည်တွေများတော့ ဟိုတယ်တွေနဲ့ တခြားကမ်းခြေက လုပ်ငန်းတွေ ပိုမိုအဆင်ပြေတာ တွေ့ရပါတယ်''ဟု ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်း အသင်းတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။


ရွှေသောင်ယံကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အစစအရာရာအဆင်ပြေစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များ၊ ဒေသခံများမှ ပေါင်းစပ်ဆောင်ရွက်ပေးနေကြောင်း၊ အဆိုပါကမ်းခြေတွင် ရွှေသောင်ယံဟိုတယ် နှင့် Lai Lai ဟိုတယ်များ အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာ အလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ချစ်နိုင်(စိတ်ပညာ)

# ဆိုင်းဆရာ စိန်တင်ဟန်၏လက်ရာ




**နိဒါန်း**

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းကျင်းပခဲ့သော (၂၅) ကြိမ်မြောက် ပြည်ထောင်စုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည်ကား မြိုင်မြိုင်ဆိုင်ဆိုင် လှလှပပ ခမ်းခမ်းနားနားဖြင့် နေပြည်တော်ဝယ် ကျင်းပပြီးစီးသွားပေပြီ။ အနယ်နယ် အရပ်ရပ်မှ အနုပညာရှင် အဆို အက ကျွမ်းကျင်သူများ (အကဲဖြတ်ဒိုင်လူကြီးများ)၊ ဝါသနာရှင်များလာရောက်ပြီး မြန်မာ့အနုပညာ ရှင်သန်ခိုင်မာရေးအတွက် တစ်တပ်တစ်အား ကြိုးစားခဲ့ကြလေသည်။ ယခုနှစ်ပွဲကြီး၏ ထူးခြားချက်ကား တဒုန်းဒုန်းတဒိုင်းဒိုင်း ဆူပူမှုတွေကို အသေအကျေ နှိမ်နင်းဖြေရှင်းနေကြရသည့် အခြေအနေကြားမှ မဖြစ်မနေ မိမိတို့အနုပညာ စစ်မြေပြင်မှာလည်း အမျိုးသားရေးစာပေ၊ ဂီတ၊ အဆို၊ အက မပပျောက် မတိမ်ကောရလေအောင် ခံစစ်တိုက်ပွဲ အသေအလဲ ဆင်နွှဲနေရခြင်း၏အောင်ပွဲတစ်ခုဆိုထိုက်ပါပေသည်။

(၂၅) ကြိမ်တိုင်တိုင် ၂၅ နှစ်မက အစဉ်အဆက် ကျင်းပခဲ့ကြသဖြင့် ဆိုင်းဆရာစိန်မျက်ပြူး၊ ဖိုးသကြ်န်၊ မြန်မာပြည်ကျော်ကျော်စိမ်း စသော ဆိုင်းပညာရှင်ပေါင်းများစွာကို နိုင်ငံတော်က ထင်ပေါ်စွာ စင်တော်မဟာမှာ ကျော်ကြားအောင်မြင်စေခဲ့သည်။ အသက်မွေးဝမ်းကျောင်း အမျိုးသားယဉ်ကျေးမှု အနုပညာရေစီးကြောင်းကို အထိုက်အလျောက် လက်ဆင့်ကမ်းထိန်းကျောင်း အားပေးမြှင့်တင်နိုင်ခဲ့ပါပေသည်။

တကယ်တမ်းမှာ သဘင် သဘင်နှင့် အမြင်သာ လွယ်ကူသယောင်ယောင် ထင်ရပါသော်လည်း တကယ်လုပ်လျှင် အဟုတ်ခက်ခဲသော အတတ်ပညာများဖြစ်ပါ၏။ လူတို့၏မျက်စိအရသာ၊ နားအရသာ၊ စိတ်ခံစားမှုအရသာကို မြင်သူ ကြားသူတကာ နှစ်သက်စွဲမက်ကျေနပ်ကြည်နူးအောင် ဖျော်ဖြေမှုပြုတတ်ရန်ကား လေ့လာဆည်းပူးခြင်း၊ လေ့ကျင့်အားထုတ်ခြင်းမရှိလျှင် မရနိုင်၊ မလွယ်ကူလှချေ။ အချိန်ယူရပေသည်။

**စာပေဂီတ**

မြန်မာ့ဂီတတူရိယာ **"ဆိုင်းပညာ"**သည်လည်း အမှန်ပင်ခက်ခဲ နက်နဲပါပေသည်။ တစ်ခေတ်တစ်ယောက် ထွန်းပေါက်ခဲ့သော ဆိုင်းဆရာစိန်တင်ဟန်အကြောင်းကို တင်ပြလိုပါသည်။ ခဲခြစ်ကောက်ကြောင်း ပုံရိပ်လွှာအကျဉ်းချုပ်မျှသာ ဖြစ်ပါမည်။ **"ရွာစားစိန်တင်ဟန်(၁၉၃၂-၂၀၀၄)"** သည် နှစ်ဆယ်ရာစုအတွင်း မြန်မာ့သဘင်နှင့် အနုပညာလောကတွင် အောင်မြင်ထင်ရှားခဲ့သော ဆိုင်းဆရာတစ်ဦးဖြစ်၏။ ၂၀ ရာစုက ထူးခြားထင်ရှားခဲ့သော အနုပညာရှင်ကြီးတစ်ဦး၏အကြောင်းကို ၂၁ ရာစုကာလထဲရောက်မှ အမှတ်တရ ဂုဏ်ပြုဖော်ညွှန်းနေရခြင်းကား နှစ်အတန်ကြာမျှ နောက်ကျသွားခဲ့ရသည်ကိုတော့ တောင်းပန်အပ်ပါသည်။

စာပေနှင့်ဂီတ လေ့လာလိုက်စားနေကြသော ဝါသနာရှင်များ၊ အနုပညာရှင်များ၊ သက်ဆိုင်ရာနယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ၊ သင်ကြားသင်ယူနေကြသူ ပုဂ္ဂိုလ်အားလုံး ကြီးကြီးငယ်ငယ် မည်သူမဆို ဤစာရေးသူက ဖတ်စေလိုသော စာအုပ်လေးအုပ်ကို ဖော်ညွှန်းတင်ပြပါရစေ။ သိရလျှင် အလွန်အကျိုးများပေမည်။

**၁။ စကားပြေသဘောတရား၊**

**စကားပြေအတတ်ပညာ** မောင်ခင်မင်(ဓနုဖြူ)

**၂။ ပီမိုးနင်း၏ ဘဝနှင့်စာပေ** စာရေးဆရာအများ

**၃။ မြန်မာ့ဂီတရေစီးကြောင်း** စန္ဒရားလှထွတ်

**၄။ မြန်မာတို့၏ ဇာတ်ပွဲ** ရွာစားစိန်တင်ဟန်

အခြားစာအုပ်များလည်းဖတ်ပါ။ ဤစာအုပ်လေးအုပ်ကိုလည်း ရှာဖွေလေ့လာသင့်ပါသည်ဟု အလေးအနက် တိုက်တွန်းအကြံပြုလိုပါသည်။

**မိတ်ဆက်**

ဆရာစိန်တင်ဟန်အကြောင်း မိတ်ဆက်ဖော်ပြပါမည်။ မြင်းခြံမြို့နယ် စွန်းလွန်းရွာတွင် ၁၉၃၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့၌ အဖ ဦးဖိုးသစ်၊ အမိ ဒေါ်မြမှုံတို့က မွေးဖွားသည်။ ငယ်နာမည်မှာ မောင်ကိုလေးဖြစ်သည်။ အစ်ကိုဖြစ်သူ စိန်လှမောင်က မန္တလေးသို့ ခေါ်ယူ၍ ဆိုင်းပညာသင်ကြားပေးခဲ့၏။ အသက် ၂၁ နှစ်၊ ၁၉၅၃ ခုနှစ်တွင် ဆိုင်းဝိုင်းတော်တီးဖြစ်ပြီ။ အသက် ၂၂ နှစ်တွင် လူကြီးများက အရည်အချင်းကို ယုံကြည်မြှောက်စားသည့်အနေဖြင့် ၁၉၅၃ ခုနှစ်မှာ ရွာစားစိန်တင်ဟန် အမည်တွင်လျက် ဆရာကြီး စိန်ဗေဒါ၏ဆိုင်းကို ခေါင်းဆောင်ဝိုင်းတော်တီးအဖြစ် လက်စွမ်းပြလေပြီ။

အစ်ကိုဆရာ ရွာစားစိန်လှမောင်၏ ကျေးဇူးကြောင့် ၁၉၄၂ ခုနှစ် အသက် ၁၀ နှစ်သားအရွယ်မှစ၍ မန္တလေး ဆိုင်းလောက ဂီတနယ်ပယ်သို့ရောက်လာခဲ့သည်။ လက်ဦးဆရာများမှာ ဦးစိန်ကျော်တင့်၊ ဦးစိန်ငှက်ရိုး၊ မြန်မာညွှန့်ဦးချစ်မောင်၊ ဦးဘကလေး၊ ဦးဟန်ပတို့ ဖြစ်ကြသည်။ ငယ်စဉ်ကပင် ပညာလိုလားအထူးကြိုးစားသူဖြစ်ပေသည်။ သင်ကြားပေးသူ ဆရာများက ကျေနပ်အားရ သဘောကျကြသည်။ ဂီတပညာ သဘင်ပညာဆိုသည်မှာ ပင်ကိုယ်ပါရမီအခံလည်း လိုအပ်သည်။ ထက်သန်စွာကြိုးစား မှတ်သားတတ်သော ဝါသနာဉာဏ်ရည်ဉာဏ်သွေးလည်း လိုသေးသည်။ သင့်တော်လျောက်ပတ်သော ပတ်ဝန်းကျင်ကောင်းလည်း (ပတိရူပဒေသ)လိုအပ်ပါသည်။ အလွန်အရေးကြီးလှသော နောက်တစ်ချက်ရှိပါသေးသည်။

ကြီးပွားတိုးတက်ကြောင်း အခြေခံအကြောင်းတရားလေးပါးအနက် **"ကလျာဏမိတ္တသမ္ပဒါ"** ဟူသော မိတ်ကောင်းဆွေကောင်းပတ်ဝန်းကျင်ကောင်းနှင့် ဆရာကောင်း သမားကောင်းများနှင့် တွေ့ကြုံဆုံစည်းခွင့်လည်း လိုအပ်လှပေ၏။ ငယ်နာမည် မောင်ကိုလေး၊ အနုပညာနာမည် ရွာစားစိန်တင်ဟန်သည် အောင်မြင်ထွန်းပေါက်စေမည့် ခွန်အားကြီးသော စက်လေးပါးအနက် **"သပ္ပုရိသ ဥပနိဿယစက်"** ဆိုသော လမ်းညွှန်သင်ကြား ပညာတိုးပွားအောင် နည်းကောင်းလမ်းမှန် ပြသပေးသည့် ဆရာကောင်းများလည်းရခဲ့၏။ ဖော်ပြပါ ဆိုင်းအတတ်ပညာ သင်ကြားခဲ့သူများအပြင် သူ၏ဉာဏ်အမြော်အမြင်နှင့် စာပေပညာအလင်းတံခါးဖွင့်ပေးခဲ့သည့် ဆရာကောင်းများမှာ အေဝမ်းဆရာညွှာ၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ နန်းတော်တောင်ဆရာခင်၊ ဦးဘလှိုင်၊ မြန်မာညွှန့် ဆရာတင် စသည်တို့ဖြစ်ကြသည်။ ဂီတတက္ကသိုလ်ဆိုနိုင်လောက်ပေသော မန္တလေးရွှေမြို့တော်ရှိ အချွန်အမွန်ဆရာကောင်းများထံ၌ နည်းနာခံ၍သင်ယူလေ့ကျင့်ခွင့်ရခဲ့သည်။ အတော်ကံထူးသော ဝိုင်းတော်တီးဆိုင်းဆရာ ရွာစားစိန်တင်ဟန်ပေတည်း။ ဆိုင်းပညာအပါအဝင် သဘင်မှု အနုပညာစာပေများကို မနေမနား ကျက်မှတ်လေ့လာခဲ့သော ကံ၊ ဉာဏ်၊ ဝီရိယအားကြောင့် ဆိုင်းဆရာ ဝိုင်းတော်တီးသာမက တေးပြုစာဆိုလည်းဖြစ်ခဲ့ပါ၏။

**"ထန်းရွက်ပုတီးသီချင်း"**သည် တစ်ချိန်ကအငြိမ့်မင်းသမီး ညိုညိုဆန်းကို ထင်ပေါ်ကျော်ကြားစေရုံမျှသာမက အငြိမ့်လောက၊ ရုပ်ရှင်လောက၊ ဂီတလောကအထိ ကျယ်ပြန့်စွာ ထိုးဖောက်၍ ပေါက်သွားသောတေးတစ်ပုဒ်ဖြစ်ခဲ့လေသည်။ ငယ်ရွယ်သူ ဆယ်ကျော်သက် မိန်းမပျို မန်းသူလေးတစ်ဦး ရွှေစာရံဘုရားပွဲကို အဖော်တွေနှင့် ပျော်ပျော်ပါးပါး မော်တော်ကားနှင့် သွားကြပုံ၊ နွားလှည်းများနှင့် လှည်းအပြိုင်အဆိုင် ခြေကုန်မောင်းလျက် မြို့ရောတောပါ ပွဲတော်သို့လာရောက်စည်ကားလှပုံများကို မြင်ယောင်ကြားယောင်ခံစားနှစ်သက်အောင် သံစဉ်ဂီတ၊ တေးသွား စာသားအလှအပဖြင့် ဆရာစိန်တင်ဟန်က တစ်မူခြားအောင် ဖန်တီးရေးသားခဲ့၏။

ရွာစားစိန်တင်ဟန်သည် သာမန်ဆိုင်းသမားမဟုတ်။ သူ၏ရှေ့က အနုပညာ ဆရာသမားများကိုလည်း သူမတူအောင် ဂုဏ်ပြုဂုဏ်ဆောင်တတ်သူဖြစ်ပါ၏။

**တာဝန်သိသူ**

ထူးခြားထင်ရှားသော ဆိုင်းဆရာတစ်ယောက် ဆိုင်းပညာသမိုင်းမှာ ရှိခဲ့ပါသည်။ သူ၏ငယ်နာမည်မှာ ကိုမောင်ကလေးပါ။ သူတီးသော တေးတစ်ပုဒ်ကို ထိုခေတ်က ဆိုင်းပရိသတ်က အလွန်တရာ နှစ်သက်သဘောကျသည်။

"ဗေဒါ ဗေဒါ၊ နင့်ဘူးကို ဘယ်သူချဲ့
ပြောဟဲ့ဗေဒါ၊ မိဗေဒါ"

ဤသီချင်းကို အဆိုပိုဒ်ပြီး၍ ဝိုင်းတော်တီးက သီချင်းကို ပတ်ရင်းကြီးငါးလုံးဖြင့် အပီတီးပြရာ နားထောင်ရသူများ ရွှင်ပြုံးအားရ စွဲမက်စွာအားပေးကြသည်။ ဗေဒါသီချင်းနှင့် သောတရှင်ပရိသတ်က ဗေဒါမောင်ကလေးဟု ခေါ်ဝေါ်ပြောဆိုရင်း ဗေဒါကလေးဟု တွင်သွားလေသည်။ ပရိသတ်ကပေးသော အမည်ဖြစ်သည်။ မန္တလေး ပရိသတ်က ချစ်ခင်မြတ်နိုးစွာ စိန်တစ်လုံးရှေ့ကတပ်လိုက်ပြီး **"စိန်ဗေဒါ"**ဖြစ်လာလေတော့သည်။ ပရိသတ်ကပေးသော အမည်သည် ပရိသတ်ကြားဝယ် တွင်သွားပေသည်။

**ဆိုင်းဆရာစိန်ဗေဒါ**

ဆိုင်းလောက၏ထိပ်ခေါင် ရွာစားကြီးစိန်ဗေဒါ၏ ပုံတူကြေးရုပ်ကြီးကို သွန်းလုပ်ပြီး မန္တလေးမြို့ပန်တျာကျောင်းဝင်းအတွင်း တင့်တယ်သော အခင်းအကျင်းဖြင့် အမှတ်တရထားရှိမည်။ ဖွင့်ပွဲကျင်းပမည်။ ကြေးရုပ်ဖွင့်ပွဲမှာ တီးကြမည့် ဆိုင်းအဖွဲ့ပေါင်းကပင် လေးဆယ်ကျော်သည်။ ဖွင့်ပွဲတီးရမည့်ရက်က ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်ဖြစ်သည်။ တီးကြမည့် ဆိုင်းဆရာများက ဖွင့်ပွဲအတွက် ဆိုင်ရာလက်ာဆိုင်းဆင့်လိုပေသည်။ ဟိုလူ ဒီလူ ရေးမည့်သူ ဆွေးနွေးရှာဖွေကြသည်။ ဘယ်သူတွေက ဘယ်နှပုဒ်မျှ ရေးခဲ့ကြသည်တော့ မသိ။ နောက်ဆုံးပိတ်တော့ ဖွင့်ပွဲအတွက် လက်ာဆိုင်းဆင့်ကို (စိန်ဗေဒါ၏ဆိုင်းတော်မင်္ဂလာကို ဆက်လက်တီးခွင့်ရလာခဲ့သူ) ရွာစားစိန်တင်ဟန်သီကုံးသော ဆိုင်းဆင့်ဖြင့် ဂုဏ်ပြုဖွင့်လှစ်ခဲ့ပေတော့သည်။ အမှတ်တရ သိသိသာသာ ထူးခြားဂုဏ်မြောက်စွာ ဆီလျော်သင့်တော်ပြီး ကောင်းမွန်လှပါသည်။ နှစ်မျက်နှာမျှ ရှည်လျားသည့်အတွက် ဤနေရာ၌ မဖော်ပြတော့ပါ။ နိဂုံးပိုဒ်လေးသာ နမူနာမျှ ကူးယူတင်ပြပါရစေ။

**"လောကီမင်္ဂလာ သေချာနည်းထုတ်၍**
**စိန်ဗေဒါရဲ့ ပုံတူကြေးရုပ်သွန်းလုပ်ပြီး**
**နောင်သမိုင်းတွင် မှတ်တမ်းတင်ရအောင်**
**ဆိုင်းဘုရင်ရဲ့ ရုပ်တုပါလို့**
**ကြီးကဲလေးမြတ်တဲ့ မိဘဆရာကို**
**သတိရစွာ သွန်းလုပ်ပြီးပေ့ါ။**
**ပြည်သူချစ်တဲ့ တစ်ပါးဆရာ ဖွားလာတဲ့**
**နှစ်တစ်ရာအပြည့်တွင်**
**လာလာသရွေ့ မင်းမင်းအပေါင်း ပရိသတ်တို့**
**နားတံဆိပ်ခတ်စေ အရှိန်ဝေဖြာကာ**
**ချစ်သဒ္ဒါမရွေ့ပါဘူးလို့**
**ကိုင်း...ရွာစားကြီး စိန်ဗေဒါရဲ့ နှစ်တစ်ရာပြည့်**
**ဖွင့်တော်မူစမ်း"**

**ရွာစားစိန်တင်ဟန်**
**(၁၇-၁၂-၁၉၈၂။ မန္တလေး)**

**စာရေးဆရာဆိုတာ**

ဆရာစိန်တင်ဟန်သည် ဦးဟန်ပတို့၏တပည့်ရင်း ဖြစ်ခဲ့သဖြင့် ဆိုင်းဆရာဝိုင်းတော်တီးအနေနှင့် လက်ကျလက်သံကောင်းသည်။ အချိန်အခါ၊ နေရာဒေသနှင့်ကိုက်ညီဆီလျော်အောင် ကောင်းစွာတီးတတ်သည်။ ဆိုင်းဆိုသည်မှာ အဖွဲ့လိုက် သူ့နေရာနှင့်သူ ထောင့်စေအောင် ကောင်းရပါသည်။ စုစည်းညီညွတ်စွာ အပေးအယူ အချိတ်အဆက်၊ အနှေးအသွက်၊ အထွက်အဝင် အကင်းပါးရသည်။ အံကျရသည်။ စည်းကျိုး၍မရ၊ ဝါးကျန်၍မနေရစ်ရ။ အဖွဲ့လိုက်ကောင်းမှ၊ အုံကောင်းမှ၊ ဆိုင်းကောင်းတွင်ပါသည်။ ဆိုင်းဆရာသည်ခေါင်းဆောင်မှုပညာလည်း ပြည့်ဝရပါသည်။

ဆိုင်းငှားလာသူ၊ ဆိုင်းနားထောင်သူ၊ ဆိုင်းကို အားပေးသူများကို နှစ်သက်အောင်၊ စွဲမက်အောင်၊ သဘောကျအားရအောင် ဖျော်ဖြေတင်ဆက်ရသော ဆိုင်းဝိုင်းဂီတအနုပညာ၊ အတတ်ပညာသည် တော်ရုံတန်ရုံအရည်အချင်းမျှနှင့် မဖြစ်နိုင်ပါ။

❖ဘိသိက်ပြိုင်အလှူပွဲတစ်ပွဲတွင် ဘိသိက်ဆရာ ဆားတောင်သောင်းနှင့် ဆရာလှိုင်တို့ အပြိုင်အဆိုင် ပြောဆိုကြပုံကို ဆိုင်းဝိုင်းထဲမှ ဝိုင်းတော်တီးတာဝန်လုပ်ဆောင်ရင်း သူမြင်ပုံ၊ ကြားပုံကို ထိထိမိမိ စေ့စေ့စပ်စပ် ရေးသားမှတ်တမ်းတင်ပြီး "ဘိသိက်ဆရာ ဆားတောင်သောင်း" ဟူသော နိုင်ငံကျော်ဆောင်းပါးတစ်ပုဒ်ကို ၁၉၈၅ ခုနှစ်ခန့်ဆီက သဘင်မဂ္ဂဇင်းတွင် ရေးပြနိုင်ခဲ့ခြင်းဖြစ်၏။ စာတစ်ပုဒ်အဖြစ်သာမက ပြဇာတ်တစ်ပုဒ်၊ ရုပ်ရှင်တစ်ကားကြည့်ရသကဲ့သို့ ရင်ခုန်စွာ၊ ကြည်နူးစွာ၊ အံ့သြဖွယ်ရာ အဆုံးသတ်ပုံနှင့်ရေးဖွဲ့ပုံကို တွေ့နိုင်ပါ၏။❖

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## လာမည့်နွေစပါးစိုက်ပျိုးရာသီတွင် စပါးဧကသုံးသန်းထိစိုက်ပျိုးရန် မျှော်မှန်းထား


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁**

လာမည့် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးမှုကို ဧကသုံးသန်းထိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေးကို နိုင်ငံတော်က ချမှတ်ထားသောရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လာမည့်နွေစပါးရာသီတွင် နွေစပါးစိုက်ဧကကို ဧကသုံးသန်းထိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ ရာဂိမုန်တိုင်းနဲ့ ဆက်စပ်ပြီးတော့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာ လျော့နည်းမှု အနည်းငယ်ရှိခဲ့ပါတယ်။ ဒီလျော့နည်းမှုကလဲ ကျွန်တော်တို့နိုင်ငံရဲ့ ဆန်စားသုံးမှု၊ ပြည်ပတင်ပို့မှုနဲ့ ဆန်ဖူလုံမှုကို ထိခိုက်မှုမရှိခဲ့ပါဘူး။ ဒီလို လျော့နည်းသွားတဲ့ အတိုင်းအတာကို ပြန်လည်ဖြည့်တင်းနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်မှုအပေါ် မူတည်ပြီးတော့ နွေစပါးစိုက်ဧက သုံးသန်းလောက်ထိ စိုက်ပျိုးသွားနိုင်ဖို့ မျှော်မှန်း ဆောင်ရွက်နေပါတယ်”ဟု ဦးရဲမင်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် နွေစပါးကို စိုက်ပျိုးရေပေးဝေနိုင်မှုအပေါ်အခြေခံ၍ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်းသိရပြီး နှစ်စဉ် မိုးစပါးနှင့် နွေစပါး စိုက်ဧက ၁၇ ဒသမ ၅ သန်းခန့်မှ စိုက်ပျိုးထုတ်လုပ်မှုမှ ဆန်တန်ချိန် ၁၃ သန်းနှင့် ၁၄ သန်းကြားထွက်ရှိကာ ပြည်တွင်းစားသုံးမှုနှင့် ဆန်ဖူလုံမှုအတွက် တွက်ချက်ကာ နှစ်စဉ် ဆန်တန်ချိန် သုံးသန်းခန့်ကို ပြည်ပသို့တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ASH

➤ စာမျက်နှာ ၄ မှအဆက်

စိန်တင်ဟန်သည် စာရေးကောင်းသူအဖြစ်လည်း စာပေလောကမှာ အသိအမှတ်ပြုခံရသော စာရေးဆရာ တစ်ဦးဖြစ်ပေသည်။ ကောင်းပေမည်။ ဆရာမြို့မငြိမ်းလို ပါရမီထူးသူဆီက ပညာတွေရခဲ့သူဖြစ်၏။ "ဆီးသီးပုံလေး" ဟူသော ဆရာစိန်တင်ဟန် (၁၉၃၂-၂၀၀၄) ၏ဆောင်းပါးထဲတွင် ဆရာမြို့မငြိမ်းက သူ့ကို ဤသို့ရင်ဖွင့်(သင်ကြားဆုံးမ)ခဲ့ဖူးသည်။

"ကျုပ်တို့စာရေးဆရာဆိုတာလည်း ဒီလိုပဲဗျ"

"ဟုတ်ကဲ့"

**"ကုန်ပစ္စည်းသဘောမျိုး အရှုံးအမြတ်တွက်လို့ မရဘူး။ ဂီတဆရာ၊ စာရေးဆရာ၊ အနုပညာဆရာဖြစ်ချင်လျှင် အရှုံးအမြတ်မတွက်ပါနဲ့။ အရှုံးအမြတ်လိုချင်လျှင် ကုန်သည်လုပ်ပါ။ ဦးနှောက်သုံးတယ်ဆိုတာ ဘဝနဲ့အချိန်ကာလ၊ နေရာဒေသ၊ ရာသီဥတု၊ ရေမြေတောတောင်၊ လှုပ်ရှားခံစားချက်နဲ့ ပေါင်းစပ်နေတဲ့အကြောင်းအရာတွေကို တင်စားသီကုံးခြင်းကို ခေါ်တာ။"**

ဆရာမြို့မငြိမ်း မကွယ်လွန်မီ ဆရာတပည့်နှစ်ဦး ဆွေးနွေးပြောဆိုကြသော သဘောထား၊ ခံယူချက်ပါတည်း။

ရွာစားစိန်တင်ဟန်သည် ဆရာမြို့မငြိမ်း၏ ဤကဲ့သို့ဘဝတန်ဖိုး၊ အနုပညာတန်ဖိုး၊ စာရေးဆရာ၏ အခန်းကဏ္ဍကို နားဝင်အောင် လမ်းညွှန်မှုရခဲ့သူဖြစ်ပါ၏။ ထို့ကြောင့် ဘိသိက်ပြိုင်အလှူပွဲတစ်ပွဲတွင် ဘိသိက်ဆရာဆားတောင်သောင်းနှင့် ဆရာလှိုင်တို့ အပြိုင်အဆိုင်ပြောဆိုကြပုံကို ဆိုင်းဝိုင်းထဲမှ ဝိုင်းတော်တီးတာဝန် လုပ်ဆောင်ရင်း သူမြင်ပုံ၊ ကြားပုံကို ထိထိမိမိ စေ့စေ့စပ်စပ်ရေးသား မှတ်တမ်းတင်ပြီး **"ဘိသိက်ဆရာ ဆားတောင်သောင်း"**ဟူသော နိုင်ငံကျော်ဆောင်းပါးတစ်ပုဒ်ကို ၁၉၈၅ ခုနှစ်ခန့်ဆီက သဘင်မဂ္ဂဇင်းတွင် ရေးပြနိုင်ခဲ့ခြင်းဖြစ်၏။ စာတစ်ပုဒ်အဖြစ်သာမက ပြဇာတ်တစ်ပုဒ်၊ ရုပ်ရှင်တစ်ကားကြည့်ရသကဲ့သို့ ရင်ခုန်စွာ၊ ကြည်နူးစွာ၊ အံ့သြဖွယ်ရာ အဆုံးသတ်ပုံနှင့် ရေးဖွဲ့ပုံကို တွေ့နိုင်ပါ၏။ မာနနှင့်မေတ္တာ အားပြိုင် ရသောအခါ မေတ္တာဘက်က အနိုင်ရတတ်ကြောင်းသင်ခန်းစာယူစရာ တွေ့ရပါမည်။

**နိဂုံး**

အမျိုးသားအရေးကို အထူးအလေးထားကြသော ဆရာမြို့မငြိမ်း၊ ဆရာ နန်းတော်ရှေ့ဆရာတင်၊ ရွာစားဦးဟန်ပ အစရှိသော ယဉ်ကျေးမှုမြို့တော် မန္တလေးရတနာပုံရှိ အနုပညာလောကအကျော်အမော် ထိပ်သီးပါရမီရှင်ကြီးများထံမှ ပညာစုံအောင်ရခဲ့သူ ဆရာစိန်တင်ဟန်သည်လည်း ရတနာစိန်အစစ်အမှန် အဖိုးတန်ရတနာကျောက်ကောင်းတစ်ပွင့်ပေတည်း။

## သဇင်ပေါ်ဦး ရာသီထူး ရှင်မြူးတသ နတ်တော်လ

- သာပုံထူးစွ နတ်တော်လ
  မိုးကမပီ ဆောင်းမမည်
  ရာသီဓနု အေးစပြု
  လတူယှဉ်သည် မိဂသီ
  မီတယ်လေ့ မီတယ်လေ့။
- ပန်းမြတ်တော်ဝင် ဂေါ်သဇင်
  ပန်ချင်သူများ အလေးထား
  ပွင့်ကားကျက်သရေ အလှပန်းဝေ
  တောခြေတောင်လုံး ရနံ့ဖုံး
  မှုန်းတယ်လေ့ မှုန်းတယ်လေ့။
- နက္ခတ်ပြုဗ္ဗာ ယှဉ်မှီကာ
  ထွန်းကာမပြတ် နေနက္ခတ်
  ထူးမြတ်ခါညီ သည်ရာသီ
  ရှင်ကြည်နှလုံး ပျော်မဆုံး
  ပြုံးတယ်လေ့ ပြုံးတယ်လေ့။
- ရှေးယခင်က စာရေးကြ
  ရှိရစာဆို ဂုဏ်ပြုလို
  သူ့ကိုရည်မှန်း စာပေလမ်း
  လဆန်းနတ်တော် တစ်ရက်နေ့၌
  ရှင်ပျော်ချမ်းမြေ့ စာဆိုနေ့
  မွေ့တယ်လေ့ မွေ့တယ်လေ့။
- စာပေကဝိ ပညာရှိ
  ဟောဘိစုံစွာ ရသစာ
  ပညာဖြန့်ပေး ရာသီအေး
  နွေးထွေးစာဆို စေတနာပို
  ပြောဆိုညွှန်ပြ သွန်သင်ကြ
  လှတယ်လေ့ လှတယ်လေ့။
- သဇင်ပေါ်ဦး ရာသီထူး
  ရှင်မြူးတသ နတ်တော်လ
  အေးမြရှင်လန်း
  ပြည်တစ်ဝှမ်း
  လန်းတယ်လေ့ လန်းတယ်လေ့။ ။

(စာဆိုတော်နေ့အား ဂုဏ်ပြုဖွဲ့ဆိုပါသည်)

**ဘိုမျိုး(ရွှေဘို)**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၅-၂၀၂၇ ဘဏ္ဍာနှစ်အသုံးစရိတ် ရုရှားသမ္မတပူတင် အတည်ပြု



**မော်စကို ဒီဇင်ဘာ ၁**

ရုရှားသမ္မတ ပူတင်သည် စစ်ရေးစစ်ရာကို အဓိကထား သတ်မှတ်ထားသော ၂၀၂၅-၂၀၂၇ ဘဏ္ဍာနှစ် အစိုးရအသုံးစရိတ်ကို အတည်ပြုပေးခဲ့ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၂၅-၂၀၂၇ ဘဏ္ဍာနှစ်အစိုးရအသုံးစရိတ်၏ ၂၅ ရာခိုင်နှုန်းမှာ စစ်ရေးအသုံးစရိတ် ဖြစ်ကြောင်း ရုရှားမီဒီယာများ၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံ၏ လာမည့်၂၀၂၅-၂၀၂၇ ဘဏ္ဍာရေးနှစ် အစိုးရအသုံးစရိတ်ဥပဒေကြမ်းကို ရုရှားအထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က ပြီးခဲ့သည့်လအတွင်း အတည်ပြုထားပြီးဖြစ်သည်။

အဆိုပါ အစိုးရအသုံးစရိတ်ဥပဒေကြမ်းကို ရုရှားသမ္မတပူတင်က ယနေ့တွင် လက်မှတ်ရေးထိုး အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေအရ ရုရှားအစိုးရအနေဖြင့် ယူကရိန်းစစ်ပွဲဖြစ်ပွားနေချိန်တွင် စစ်ရေးအသုံးစရိတ် ပုံမှန်ထက်သုံးစွဲခွင့်ရနိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကိုဆိုဗိုရေသွယ်တူးမြောင်းပေါက်ကွဲမှုကြောင့် လူပေါင်း ရှစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ပရစ္စတီနာ ဒီဇင်ဘာ ၁**

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများသို့ ရေများပို့ဆောင်ပေးနေသည့် တူးမြောင်းတစ်ခု ပေါက်ကွဲမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအဖြစ် ယူဆရဖွယ်ရှိသူ ရှစ်ဦးကို ဖမ်းဆီးထားကြောင်း ကိုဆိုဗိုပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသံသယရှိသူ တရားခံရှစ်ဦးနှင့်အတူ လက်နက်ခဲယမ်းအများအပြားကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း ကိုဆိုဗိုပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ဖြစ်ပွားခဲ့သော ရေသွယ်တူးမြောင်း ပေါက်ကွဲမှုသည် ကိုဆိုဗို၏ စွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းနှင့် ရေပေးဝေမှုလုပ်ငန်းများကို ခြိမ်းခြောက်သည့်ဖြစ်စဉ်ဖြစ်သည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် ရေသွယ်တူးမြောင်းသည်ကိုဆိုဗို၏ အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံနှစ်ရုံအတွက် ရေဖြည့်ဆည်းပေးနေသော ရေသွယ်တူးမြောင်းဖြစ်သည်။

ယင်း ရေသွယ်တူးမြောင်း တိုက်ခိုက်မှုကို အကြမ်းဖက်ဝါဒလုပ်ရပ်အဖြစ် ကိုဆိုဗိုဝန်ကြီးချုပ် အယ်လ်ဘင်ကာတီက ဝေဖန်ရှုတ်ချထားသည်။

အဆိုပါ ရေသွယ်တူးမြောင်း ပေါက်ကွဲမှုတွင် ဆားဘီးယားနိုင်ငံ၏ ပယောဂမကင်းကြောင်း ကိုဆိုဗိုတာဝန်ရှိသူများက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ဆားဘီးယားအစိုးရကအခြေအမြစ်မရှိသည့် စွပ်စွဲချက်အဖြစ် တုံ့ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားနှင့်တရုတ် မဟာဗျူဟာဗုံးကြဲလေယာဉ်များ ပူးတွဲကင်းထောက်ပျံသန်းမှုပြုလုပ်

**မော်စကို ဒီဇင်ဘာ ၁**



ရုရှားလေတပ်နှင့် တရုတ်လေတပ်တို့မှ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များသည် ဂျပန်ပင်လယ်၊ အရှေ့တရုတ်ပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတို့၌ ပူးတွဲလေကြောင်းကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရှစ်နာရီကြာမြင့်ခဲ့သော အဆိုပါလေကြောင်း ပူးတွဲကင်းလှည့်မှုများတွင် ရုရှားလေတပ်မှ တီယူ-၉၅အမ်အက်စ်အမျိုးအစား ဗုံးကြဲလေယာဉ်များနှင့် တရုတ်လေတပ်မှ အိတ်ချ်-၆ ကေဗုံးကြဲလေယာဉ်များ ပါဝင်ခဲ့ကြောင်း သိရသည်။

ပူးတွဲလေကြောင်းကင်းလှည့်မှုပြုလုပ်ခဲ့ကြသည့် မဟာဗျူဟာဗုံးကြဲလေယာဉ်များကို ရုရှားနှင့် တရုတ် ဂျက်တိုက်လေယာဉ်များက လိုက်ပါစောင့်ရှောက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပူးတွဲလေကြောင်းကင်းလှည့်မှုအတွက် အတက်အဆင်းပြုလုပ်ရာတွင် ရုရှားဗုံးကြဲလေယာဉ်များသည် တရုတ်နိုင်ငံအတွင်းရှိ လေတပ်စခန်းတစ်ခုကို အသုံးပြုခဲ့သည်။

ပူးတွဲလေကြောင်းကင်းလှည့်မှုများအတွင်း ရုရှားနှင့် တရုတ်စစ်လေယာဉ်များ အနေဖြင့် မည်သည့်နိုင်ငံ၏ ဝေဟင်ပိုင်နက်ကိုမျှ ချိုးဖောက်ဝင်ရောက်မှုမရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

ထို့ပြင် အဆိုပါပူးတွဲလေကြောင်းကင်းလှည့်မှုသည် မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ခြင်းမရှိသောပူးတွဲကင်းလှည့်မှုဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

Ref : RT

Trs : KKO

## ရုရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ ဖုန်းခေါ်ဆိုဆွေးနွေး ဆီးရီးယားအစိုးရကို ထောက်ခံကြောင်းပြောကြား

**တီဟီရန် ဒီဇင်ဘာ ၁**

သူပုန်တပ်များ၏ တိုက်ခိုက်မှုနှင့်ရင်ဆိုင်နေရသော ဆီးရီးယားအစိုးရကို ထောက်ခံအားပေးမည်ဖြစ်ကြောင်း ရုရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများက နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီတို့သည် နိုဝင်ဘာ ၃၀ ရက်တွင် ဆီးရီးယားပြဿနာနှင့် ပတ်သက်၍ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ကို သူပုန်များက ဝင်ရောက်တိုက်ခိုက်၍ထိန်းချုပ်ထားမှုသည် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့၏ ဒေသတွင်း တည်ငြိမ်မှုပျက်ပြားရေးအကြံအစည်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ပြောကြားခဲ့သည်။



ဆီးရီးယား သူပုန်များသည် ၁၀ နှစ်နီးပါးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းအလက်ပိုမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဆီးရီးယားအစိုးရတပ်များ ဆုတ်ခွာပေးခဲ့ရသည်။

အလက်ပိုမြို့ကို ဆီးရီးယားအစိုးရတပ်များသည် ရုရှားနှင့်အီရန်တို့၏ စစ်ရေးအကူအညီများဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ထိန်းချုပ်ခဲ့သောမြို့ဖြစ်သည်။

လက်ရှိအချိန်တွင် ဆီးရီးယားအစိုးရတပ်များသည် ရုရှား၏ လေကြောင်းတိုက်ခိုက်မှုအကူအညီဖြင့် အလက်ပိုမြို့ကို ပြန်လည်ထိုးစစ်ဆင်လျက် ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## နယူးဇီလန်လေကြောင်းလိုင်းခရီးသည်တင်လေယာဉ် အင်ဂျင်ပြဿနာကြောင့်လမ်းကြောင်းပြောင်းဆင်းသက်

**ဝယ်လင်တန် ဒီဇင်ဘာ ၁**

နယူးဇီလန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဝယ်လင်တန်မြို့မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ယနေ့တွင်ပျံသန်းနေစဉ် အင်ဂျင်ပြဿနာတစ်ရပ်ကြောင့် လမ်းကြောင်းပြောင်း၍အုတ်ကလန်းမြို့လေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ဝယ်လင်တန်မြို့မှ ပျံတက်ခဲ့ပြီး တစ်နာရီခန့်အကြာတွင် လေယာဉ်အင်ဂျင် တစ်လုံး စက်လည်မှုရပ်ခဲ့ကြောင်း နယူးဇီလန်လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ ယင်းခရီးသည်တင်လေယာဉ်အနေဖြင့် လမ်းကြောင်းပြောင်း၍အုတ်ကလန်းမြို့လေဆိပ်၌အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဲဘတ်စ်အေ-၃၂၀ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် အုတ်ကလန်းလေဆိပ်၌ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ ခရီးသည်တင်လေယာဉ် အင်ဂျင်ပြဿနာပေါ်ထွက်မှုနှင့်ပတ်သက်၍ နယူးဇီလန်လေကြောင်းလိုင်းတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

နယူးဇီလန်လေကြောင်းလိုင်းသည် ခရီးသည်တင်လေယာဉ် ၁၀၈ စင်းနှင့် ပြည်တွင်းနှင့်နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ပြေးဆွဲနေသောလေကြောင်းလိုင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိုင်စပေ့စ်ကုမ္ပဏီက ဒုတိယမြောက်လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေ




**တိုကျို ဒီဇင်ဘာ ၁**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီသည် ဒုတိယမြောက် လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ၎င်း၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်သည့် RESILIENCE လဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိုင်စပေ့စ်ကုမ္ပဏီသည် RESILIENCE လဆင်းယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် RESILIENCE လဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ရန် စီစဉ်ထားပြီး လွှတ်တင်မည့်ရက် အတိအကျကို သတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

RESILIENCE လဆင်းယာဉ်သည် တီနာစီးယပ်စ် လမျက်နှာပြင် လှေ့လာရေးယာဉ်ငယ်တစ်စင်းကိုပါ သယ်ဆောင်သွားမည်ဖြစ်ကြောင်း အိုင်စပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် ၎င်း၏ပထမဆုံး လဆင်းယာဉ်ဖြစ်သည့် ဟာကူတို-အာရ် အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပြင်းထန်လှသည့် အာကာသစွမ်းအင်ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားရာနေရာကို ရှာဖွေဖော်ထုတ်နိုင်ခဲ့

**ကင်ဘာရာ ဒီဇင်ဘာ ၁**


အင်အားပြင်းထန်လှသည့် အာကာသစွမ်းအင် ပေါက်ကွဲမှုကြီးတစ်ရပ် ဖြစ်ပွားရာနေရာကို သိပ္ပံပညာရှင်များက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက်သတင်းများအရသိရသည်။

GLEAM-X J0704-37ဟူ၍ အမည်ပေးထားသော အထက်ပါ အာကာသ စွမ်းအင်ပေါက်ကွဲမှုသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၅၀၀၀ ခန့်အကွာရှိ နှစ်စင်းတွဲကြယ်စနစ်တစ်ခုမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သြစတြေးလျသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

GLEAM-X အာကာသစွမ်းအင် ပေါက်ကွဲမှုသည် သုံးနာရီလျှင် တစ်ကြိမ်ကျ စက္ကန့် ၃၀ မှ ၆၀ ခန့်ထိ ကြာမြင့်တတ်ပြီး ထိုသို့ပေါက်ကွဲနေသည်မှာ နှစ် ၂၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် GLEAM-X အာကာသစွမ်းအင် ပေါက်ကွဲမှု ဖြစ်ပွားရာနေရာကို တောင်အာဖရိကအခြေစိုက် မီရာကတ် ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း သြစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

GLEAM-X အာကာသစွမ်းအင် ပေါက်ကွဲမှုများ ဖြစ်ပွားနေသည့် နှစ်စင်းတွဲကြယ်စနစ်သည် ကြယ်အရေအတွက်နည်းပါးသော နဂါးငွေ့တန်းကြယ်စု အနားစွန်းတွင် တည်ရှိသည့် နှစ်စင်းတွဲကြယ်စနစ်ဖြစ်ကြောင်း သိရသည်။



အဆိုပါ နှစ်စင်းတွဲကြယ်စနစ်တွင် အညိုရောင်ကြယ်သိမ် တစ်စင်းနှင့် အဖြူရောင်ကြယ်သိမ် တစ်စင်းတို့ပါဝင်ပြီး တစ်စင်းနှင့် တစ်စင်း လှည့်ပတ်နေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက အမေရိကန်အစိုးရထောက်လှမ်းရေးဂြိုဟ်တုနှစ်စင်း လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် အမေရိကန်အစိုးရ ထောက်လှမ်းရေးဂြိုဟ်တုနှစ်စင်းကို နိုဝင်ဘာ ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ဌာန၏ NROL ကင်းထောက်ဂြိုဟ်တုနှစ်စင်းနှင့်အတူ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ ကိုပါ တစ်ပါတည်း လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကင်းထောက်ဂြိုဟ်တုနှစ်စင်းနှင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၆၀ ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

သို့ရာတွင် NROL ဂြိုဟ်တုများ ပတ်လမ်းပေါ် ရောက်ရှိချိန်ကိုမူ Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားခြင်းမရှိပေ။

Space-X ကုမ္ပဏီသည် ယခင်က အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ဌာန၏ NROL ဂြိုဟ်တုများကို မစ်ရှင်လေးခုဖြင့် လွှတ်တင် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စိတ်ကျဝေဒနာကြောင့် အမျိုးသမီးများ ဓမ္မတာရာသီကာလနာကျင်ကိုက်ခဲမှု ပိုပြင်းထန်နိုင်

**ပေကျင်း ဒီဇင်ဘာ ၁**

စိတ်ကျဝေဒနာကြောင့် အမျိုးသမီးများ ဓမ္မတာရာသီကာလ နာကျင်ကိုက်ခဲမှုဝေဒနာ ပို၍ပြင်းထန်လာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျဝေဒနာနှင့် အမျိုးသမီးများ ဓမ္မတာရာသီကာလ နာကျင်ကိုက်ခဲမှုတို့ကြား မျိုးဗီဇသဘောအရ ဆက်စပ်မှုရှိနိုင်ကြောင်း သိရသည်။

အမျိုးသမီးများသည် မျိုးဆက်ပွားကာလအတွင်း အမျိုးသားများထက် စိတ်ကျရောဂါခံစားရနိုင်ခြေ နှစ်ဆပိုများတတ်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် စိတ်ကျဝေဒနာကြောင့်လည်း ဓမ္မတာရာသီကာလအတွင်း အမျိုးသမီးများ၏ နာကျင်ကိုက်ခဲမှုဝေဒနာ ပြင်းထန်လာနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့ရှာဖွေတွေ့ရှိထားသည့် ကနဦးသက်သေများအရ စိတ်ကျဝေဒနာသည် ဓမ္မတာရာသီကာလ နာကျင်ကိုက်ခဲမှုပြင်းထန်လာခြင်း၏ အကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် အမျိုးသမီး ၆၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Carrageenan ဓာတုပစ္စည်းကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**ဘာလင် ဒီဇင်ဘာ ၁**

အစားအစာများ ထုတ်လုပ်ရာတွင်အသုံးပြုသည့် Carrageenan သို့မဟုတ် E407 အမည်ရှိ ဓာတုပစ္စည်းတစ်မျိုးကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Carrageenan ဓာတုပစ္စည်းသည် အစားအစာများကို ပျစ်ခဲစေးကပ်နေစေသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး အဆိုပါဓာတုပစ္စည်းကြောင့် အစာခြေလမ်းကြောင်း စနစ်ပြဿနာ ရှိလာနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဂျာမနီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်ရ Carrageenan ဓာတုပစ္စည်းကြောင့် အထက်ပါအစာခြေလမ်းကြောင်းစနစ် ပြဿနာများအပြင် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဂျာမနီ သုတေသနပညာရှင်များသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်အလေးချိန်ရှိသော အသက် ၂၇ နှစ်နှင့် ၃၁ နှစ်ကြား အမျိုးသားဦးရေ ၂၀ တို့ကို နေ့စဉ် Carrageenan မီလီဂရမ် ၂၅၀ တိုက်ကျွေး၍ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်မှုကာလ သီတင်းနှစ်ပတ်အကြာတွင် စမ်းသပ်မှု၌ ပါဝင်သူများ၏ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်း ကျဆင်းလာသည်ကိုတွေ့ရကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားပါက အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်စွမ်းထိခိုက်ပျက်စီး၍ သွေးအတွင်း သကြားဓာတ်ပါဝင်မှု အတက်အကျ လွန်ကဲလာတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# နိုင်ငံတကာ အားကစားသတင်းများ

## WBC ဖလိုင်းဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံခါးပတ်ကို ဂါလယ်ယာဖိုင် ဆွတ်ခူး



**ဘာမင်ဂမ် ဒီဇင်ဘာ ၁**

အင်္ဂလန် လက်ဝှေ့သမားများဖြစ်ကြသည့် ဂါလယ်ယာဖိုင်နှင့် ဆန်နီအက်ဝက်ဒ်တို့သည် WBC ဖလိုင်းဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံခါးပတ်အတွက် နိုဝင်ဘာ ၃၀ ရက်တွင် အင်္ဂလန်နိုင်ငံ ဘာမင်ဂမ်မြို့တွင် ထိုးသတ်ခဲ့ရာ ဂါလယ်ယာဖိုင်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါလယ်ယာဖိုင်သည် တစ်ဖက်သတ် ဖိအားပေးထိုးသတ်နိုင်ခဲ့သလို ခြောက်ချီမြောက်၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ထိုးသတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

၎င်းတို့အကြား စွမ်းဆောင်ရည်ပိုင်း လယ်ဗယ်ကွာဟမှုများရှိနေပြီး ဆန်နီအက်ဝက်ဒ်အတွက် စိတ်ပျက်ဖွယ်ရာ ရလဒ်တစ်ခုဖြစ်ခဲ့သည်။

ဂါလယ်ယာဖိုင်နှင့် ဆန်နီအက်ဝက်ဒ်တို့ ပွဲစဉ်စတင်ပြီး စက္ကန့်ပိုင်းအတွင်း၌ပင် ဂါလယ်ယာဖိုင်သည် အားပါပြင်းထန်သော ညာလက်သီးထိုးချက်ဖြင့် ဆန်နီအက်ဝက်ဒ်အား ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ဒုတိယမြောက်အချီတွင် ဆန်နီအက်ဝက်ဒ်က ပြန်လည်တိုက်စစ်ဆင်ကာ ဂါလယ်ယာဖိုင်အား ဖိအားပေးနိုင်ရန် ကြိုးစားခဲ့ပြီး အားပါပြင်းထန်သော ထိုးချက်များဖြင့် ဂါလယ်ယာဖိုင်အား ဖိအားပေးခဲ့သည်။

ဂါလယ်ယာဖိုင်က ဆန်နီအက်ဝက်ဒ်၏ ဖိအားပေးမှုများကို အကောင်းဆုံးရှောင်တိမ်းနိုင်ခဲ့ပြီး တန်ပြန်တိုက်စစ်များဖြင့် ဆန်နီအက်ဝက်ဒ်၏ ဖိအားပေးမှုကို ရပ်တန့်စေခဲ့သည်။

ဆန်နီအက်ဝက်ဒ်သည် ပွဲအပြီးတွင် လက်ဝှေ့သမားဘဝမှ အနားယူလိုက်ပြီ ဖြစ်ကြောင်းလည်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဆန်နီအက်ဝက်ဒ်က "ပွဲစကတည်းက ဒီပွဲမှာ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ကစားသမားဘဝကနေအနားယူမယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ကျွန်တော်ရှုံးနိမ့်ခဲ့လို့ ဒီစကားပြောတာ မဟုတ်ပါဘူး။ ကျွန်တော် ရိုးသားစွာပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ နည်းပြအဖွဲ့က ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို ကောင်းကောင်းသိပါတယ်။ လက်ဝှေ့လောကမှာ ဆက်လက် ကျင်လည်သွားဖို့အတွက် ကျွန်တော့်မှာ လုံလောက်တဲ့အင်အားမရှိတော့ဘူး။ ငါးနှစ်ခြောက်နှစ်လောက် လက်ဝှေ့လောကမှာ ရှိသမျှခွန်အားတွေကို အစွမ်းကုန် အသုံးပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲမှာ ကျွန်တော့်အတွက် ခက်ခဲမယ်ဆိုတာကိုလဲ ကြိုသိပြီးသားပါ။ တကယ်တမ်းမှာလဲ ထင်ထားတာထက် ပိုခက်ခဲခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက ခေါ်ယူရန်ချိတ်ဆက်နေသည့် ဝုဗ်အသင်း တိုက်စစ်မှူး ကန်ဟာကို လုပ်ခလစာတိုး၍ သက်တမ်းတိုးခဲ့ကြောင်း နည်းပြအိုနေးက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းနှင့် သက်တမ်းတိုးထားသော်လည်း ရလဒ်ပိုင်း ဆက်လက်ဆိုးရွားနေပါက အသင်းမှထွက်ခွာခွင့်ပြုရန် နည်းပြဂွါဒီယိုလာက တာဝန်ရှိသူများကို တောင်းဆိုခဲ့သည်။

ML

## ကိုပါလီဘာတာဒိုရက်စ်ဖလားဗိုလ်လုပွဲတွင် ဘိုတာဖိုဂိုအသင်း ဆုဖလားရရှိ




**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁**

ကိုပါလီဘာတာဒိုရက်စ် ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် အက်သလက်စ် မင်နဲရိုးအသင်းနှင့် ဘိုတာဖိုဂိုအသင်းတို့ ကစားခဲ့ရာ ဘိုတာဖိုဂိုအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘိုတာဖိုဂိုအသင်းက ပွဲအစ နှစ်မိနစ်ကတည်းက ကွင်းလယ်ကစားသမား ဂရီဂိုရီ အနီကတ်ဖြင့် ထုတ်ပယ်ခံရသော်လည်း တန်ပြန်တိုက်စစ်ဖြင့် ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၃၅ မိနစ်တွင် ဟန်ရီကွီး၊ ပွဲချိန် ၄၄ မိနစ်တွင် တဲလက်စ်တို့က ဦးဆောင်ဂိုးများသွင်းယူ၍ ပထမပိုင်းတွင် အနိုင်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် အက်သလက် မင်နဲရိုးအသင်းက ဆက်တိုက် ဖိအားပေးလာခဲ့ရာ ပွဲချိန် ၄၇ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီးနောက် ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သော်လည်း ဘိုတာဖိုဂိုအသင်း၏ ခံစစ်ကစားပုံကြောင့် အခက်တွေ့ခဲ့ကာ ပွဲချိန် မိနစ် ၉၀ ကျော်တွင် တတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ဘိုတာဖိုဂိုအသင်းသည် ယခုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်၌ ပါမီးယက်စ်အသင်းကို နှစ်ကျော့ပေါင်း လေးဂိုး သုံးဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဆော်ပေါ်လိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ရာ ချန်ပီယံဆုဖလား ရရှိခဲ့သောကြောင့် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## မန်စီးတီးအသင်းကိုအနိုင်ရရှိပြီး လီဗာပူးအသင်း အမှတ်ပေးဇယားဒုတိယနေရာမှအသင်းကို ကိုးမှတ်ထိဖြတ်တောက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

**မန်ချက်စတာ ဒီဇင်ဘာ ၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ အာဆင်နယ်အသင်းကို ကိုးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့ပြီး အမှတ်ပေး ဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက အိမ်ကွင်းတွင် မန်စီးတီးအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၂ မိနစ်တွင် ဆာလာဟ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂတ်ပိုက လီဗာပူးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် လီဗာပူးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကာ မန်စီးတီးအသင်းအနေဖြင့် ပထမပိုင်းတွင် ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်မျှ မရရှိခဲ့သည်ထိ ခြေစွမ်းပိုင်းဆိုးရွားခဲ့ပြီး အရေးနိမ့်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မန်စီးတီးအသင်းက ချေပဂိုးအတွက် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း လီဗာပူးအသင်းက ပြန်လည်အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၇၈မိနစ်တွင် မန်စီးတီးအသင်း ဂိုးသမား အိုတီဂါက ဒီယက်ဇ်ကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် ရရှိခဲ့သည့် ပင်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဆာလာဟ်က အမှားအယွင်းမရှိ ကန်သွင်းပြီး လီဗာပူးအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သော်လည်း မန်စီးတီးအသင်းအနေဖြင့် အဆင့်(၅)နေရာထိ ကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

## လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းတိုးရန်ကြန့်ကြာနေသည့် ဒီယက်ဇ်ကို ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က အပြိုင်ခေါ်ယူရန်ပြင်ဆင်

**လန်ဒန် ဒီဇင်ဘာ ၁**

ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းက လီဗာပူးအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကြန့်ကြာနေသည့် ဒီယက်ဇ်ကို အပြိုင်ခေါ်ယူရန်အတွက် စောင့်ကြည့်လျက် ရှိနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ဒီယက်ဇ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်လျက်ရှိနေသူဖြစ်သည်။

ဒီယက်ဇ်နှင့် လီဗာပူးအသင်းတို့၏ လက်ရှိစာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၇ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း ဒီယက်ဇ်က လက်ရှိရရှိနေသည့် လုပ်ခလစာထက် ပိုမိုရရှိလိုနေသည့်အတွက် ဆွေးနွေးမှုများ အဆင်မပြေဖြစ်နေပြီး ကြန့်ကြာနေခြင်းဖြစ်သည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းတို့က ဒီယက်ဇ်နှင့် လီဗာပူးအသင်းတို့၏ သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများကို စောင့်ကြည့်လျက် ရှိနေပြီး ဒီယက်ဇ်က လီဗာပူးအသင်း၏ သက်တမ်းတိုး စာချုပ်အတွက် ဆွေးနွေးမှုများ ရပ်ဆိုင်းခဲ့မည်ဆိုပါက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အပြိုင် ကမ်းလှမ်းရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဒီယက်ဇ်အပြင် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဗန်ဒိုက်၊ ဆာလာဟ်နှင့် အာနိုးတို့ကိုလည်း သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပင်နယ်တီမှတစ်ဆင့် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ကလွိုက်ဘက်စံချိန်တင်



**လန်ဒန် ဒီဇင်ဘာ ၁**

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းက ဝုဖ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကလွိုက်ဘက်က ပင်နယ်တီမှ ဟက်ထရစ်ဂိုးရရှိခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပင်နယ်တီမှ ဟက်ထရစ်ဂိုးရရှိသည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဝုဖ်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သော်လည်း ဘုန်းမောက်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန်သုံးမိနစ်၊ ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၇၄ မိနစ်တို့တွင် ကလွိုက်ဘက်က ပင်နယ်တီမှ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ရှစ်မိနစ်တွင် ကားကက်ဖ်က တစ်ဂိုး သွင်းယူခဲ့သောကြောင့် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အသက် ၂၅ နှစ်ရှိ ကလွိုက်ဘက်သည် ၂၀၂၃ ခုနှစ်က ရီးမား အသင်းမှ ဘုန်းမောက်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် နည်းပြအီရာအိုလာလက်အောက်တွင် အဓိက ကစားသမားဖြစ်လာခဲ့ပြီး ယခုအခါ ပရီးမီးယားလိဂ်တွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။

ယခုပွဲစဉ်ကို အနိုင်ရခဲ့သည့် ဘုန်းမောက်အသင်းသည် ၁၃ ပွဲ ကစားအပြီးတွင် ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၁ သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျွန်စတန် ဆွတ်ခူး



**မဲလ်ဘုန်း ဒီဇင်ဘာ ၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပခဲ့သော Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျွန်စတန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား လက်ကာတစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မက်လိုက်ရှ်မန်းနှင့် စတက်ဂျပ်စဘာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ဂျွန်စတန်သည် လက်ရှိ ကမ္ဘာ့အဆင့် (၉၅၄)နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လေးရက်ဆက်တိုက် အကောင်းဆုံးပုံစံရရှိခဲ့ပြီး နာမည်ကြီး ကမ္ဘာ့အဆင့် ကစားသမားများကို ကျော်ဖြတ်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျွန်စတန်က “ကျွန်တော့်အနေနဲ့ ချန်ပီယံဆုကိုမျှော်လင့်မထားပါဘူး။ တစ်ကျင်းချင်းစီကို သေချာအာရုံစိုက်ပြီး ယှဉ်ပြိုင်ကစားခဲ့တာပါ။ တစ်ရက်ပြီး တစ်ရက် ရလဒ်ပိုကောင်းလာအောင် ထိန်းသိမ်းနိုင်ခဲ့လို့ အခုလို ထင်မှတ်မထားတဲ့ အောင်မြင်မှုရခဲ့တာဖြစ်ပါတယ်။ ဒီအောင်မြင်မှုက နောက်ထပ်အောင်မြင်မှုတွေ ရရှိလာအောင် ကြိုးစားချင်စိတ်ဖြစ်ပေါ်လာတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အိုင်ဗန်လန်နှင့် နီကိုလက်စ်မက်ဆူတို့အား နည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း ဟာကက်ဇ် တရားဝင်ထုတ်ပြန်ကြေညာ

**ဝါဆော ဒီဇင်ဘာ ၁**

ကမ္ဘာ့အဆင့် (၁၆)နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး နည်းပြအပြောင်းအလဲပြုလုပ်ကာ အိုင်ဗန်လန်နှင့် နီကိုလက်စ်မက်ဆူတို့အား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ဟာကက်ဇ်အနေဖြင့် ယခုနှစ်ရာသီအစပိုင်းတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၁၀)အတွင်း ဝင်ရောက်နိုင်ခဲ့သော်လည်း ဒုတိယရာသီဝက်တွင် ရလဒ်များကျဆင်းကာ ကမ္ဘာ့အဆင့်(၁၆) နေရာထိ ရောက်ရှိခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီအတွင်း Estoril Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း အဓိကဆုဖလားများ ရယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် ၂၀၂၅ ခုနှစ်တွင် အဓိကဆုဖလားများ ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည့် အတွက်ကြောင့် ဂရန်းစလန်းဆုဖလား ရှစ်ကြိမ် အထိရရှိခဲ့ဖူးသည့် ချက်တင်းနစ်ကစားသမားဟောင်း အိုင်ဗန်လန်နှင့် အိုလံပစ်ရွှေတံဆိပ်ဆု ရရှိခဲ့ဖူးသော ချီလီတင်းနစ်ကစားသမားဟောင်း နီကိုလက်စ်မက်ဆူတို့ကို နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အိုင်ဗန်လန်သည် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးအား ဂရန်းစလန်းချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး နီကိုလက်စ်မက်ဆူသည်လည်း ဩစတြီးယား တင်းနစ်ကစားသမား ဒိုမီနစ်သမ်ကို နည်းပြအဖြစ် တာဝန်ယူပေးခဲ့ဖူးသူဖြစ်သည်။



ဟာကက်ဇ်က “ကျွန်တော့်ရဲ့ နည်းပြအဖွဲ့မှာ အိုင်ဗန်လန်၊ နီကိုလက်စ်မက်ဆူတို့ ပါဝင်လာတာ ကျွန်တော့်အတွက် ဝမ်းသာဂုဏ်ယူစရာဖြစ်ပါတယ်။ သူတို့ရဲ့ တင်းနစ်အားကစား ဗဟုသုတတွေ တင်းနစ် အားကစားအပေါ်မှာ စိတ်နှစ်မြှုပ်ထားမှုတွေက ကျွန်တော့်ကို ခွန်အားဖြစ်စေပါတယ်။ သူတို့ရဲ့ ညွှန်ကြားပြသမှုနဲ့ အတူ ကြိုးစားလေ့ကျင့်သွားမယ်။ ရာသီသစ်အတွက် ကျွန်တော့်အနေနဲ့ အကောင်းဆုံး ပြင်ဆင်သွားမယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဘာစီလိုနာအသင်း လက်ပါးမက်အသင်းကို ရှုံးနိမ့်

**မက်ဒရစ် ဒီဇင်ဘာ ၁**

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် လက်ပါးမက်အသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဘာစီလိုနာအသင်း အနေဖြင့် အသင်း သမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် လက်ပါးမက်အသင်းကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၄၉ မိနစ်၌ ရာမီးယက်စ်က လက်ပါးမက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၆၁ မိနစ်တွင် ရာဖင်ဟာက ဘာစီလိုနာအသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၇ မိနစ်တွင် ဆေးဗားလ်က လက်ပါးမက် အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် လက်ပါးမက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီအစပိုင်းက နည်းပြဟန်ဆီဖလစ်လက်အောက်တွင် အကောင်းဆုံး ပုံစံရရှိခဲ့သည့် ဘာစီလိုနာ အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် အဓိက ကစားသမားယာမယ် ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် ပွဲစဉ်များတွင် ရုန်းကန်ခဲ့ရပြီး ရလဒ်များဆိုးရွားခဲ့ကာ ယခုအခါတွင်လည်း လက်ပါးမက်အသင်းကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်အဖြစ် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နောက်ပိုင်း စပိန်လာလီဂါပွဲစဉ်များတွင် ရလဒ်များဆိုးရွားခဲ့ကာ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ဆိုစီဒက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကာ လက်ပါးမက် အသင်းကိုလည်း နှစ်ဂိုး တစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်း ဂျာမန်ပိုကယ်ဖလားပွဲစဉ်ကို လွဲချော်မည်

**ဘာလင် ဒီဇင်ဘာ ၁**

ဘွန်ဒက်လီဂါ အမှတ်ပေးပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာရရှိခဲ့သဖြင့် လာမည့် ဂျာမန်ပိုကယ်ဖလား ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြကွန်ပနီက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် အသင်းတိုက်စစ်ကို ဦးဆောင်လာသော်လည်း ပွဲကစားချိန် ၃၃ မိနစ်အရောက်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော်တိုက်စစ်မှူး သောမတ်မူလာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ကစားသမား၏ ဒဏ်ရာကို စကန်ဖတ်စစ်ဆေးခဲ့ရာ ပြင်းထန်မှု မရှိသော်လည်း ဒီဇင်ဘာ ၄ ရက်တွင် ကစားရမည့် လေဗာကူဆင်အသင်းနှင့် ဂျာမန်ပိုကယ်ဖလား ၁၆ သင်းအဆင့် ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြကွန်ပနီက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ယခုရာသီ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် ဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့်အပြင် ပြိုင်ပွဲစုံသွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဒေါ့မွန်အသင်းကို သရေရလဒ်သာ ကစားနိုင်ခဲ့သဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ ဖရန့်ဖတ်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# အမျိုးသမီးများကို အကြမ်းဖက်မှုကာကွယ်ခြင်းဖြင့် နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည်

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလအဖြစ် သတ်မှတ်ပြီး အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ် ၃၀ ပြည့်ဆီ အရောက်လှမ်းစို့"ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော ဝေါဟာရသည် အမျိုးသမီးများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် လွတ်လပ်ခွင့်များ မတရားဆုံးရှုံးခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဖွယ်ရှိသော သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် ကျား၊ မ ကွဲပြားမှုကို အရင်းခံသည့် အကြမ်းဖက်မှုကို ဆိုလိုသည်" ဟု ဖော်ပြပါရှိသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာမရှိသော၊ လက်သင့်မခံနိုင်သော၊ ခွင့်လွှတ်နိုင်ဖွယ်မရှိသော အကြမ်းဖက်မှုပင်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သလို ဥပဒေအရ အရေးယူနိုင်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။

အမျိုးသမီးများသည် သဘာဝလောကတရားအရ လူသားတစ်ယောက် မွေးဖွားလာရန်အတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်ပေးနေရသောသူများဖြစ်ကြသည်။ မည်မျှပင် ထက်မြက်ကြီးကျယ်သောအမျိုးသားများဖြစ်ပါစေ ထိုသူတို့ကို မွေးထုတ်ပေးခဲ့ပြီး ပြုစုပျိုးထောင်ပေးခဲ့သူသည် မိခင်ဟူသော အမျိုးသမီးများသာဖြစ်ကြသည်။ ထို့ပြင် အမျိုးသမီးများသည် မိသားစုတစ်စု၏ နေ့စဉ်ဘဝ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ဦးစားပေးစဉ်းစားရသူ၊ သားသမီးများ၏ ပညာရေးအတွက် စဉ်းစားဆောင်ရွက်ပေးရသူ၊ သားသမီးများကို ဆုံးမပဲ့ပြင်ပြုစုပျိုးထောင်ပေးရသူ၊ မိသားစု၏ အသုံးစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရသူ စသည့် မိသားစုအတွက် အနစ်နာခံရသူများအဖြစ် မိသားစု၏နေ့စဉ်ဘဝတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နေရသူများဖြစ်ကြသည်။ "မောင်တစ်ထမ်းမယ်တစ်ရွက်"ဟူသော မြန်မာဆိုရိုးစကားနှင့် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဟူသော မြန်မာစကားပုံတို့သည် အိမ်ထောင်စုတစ်စုတွင် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး သူ့နေရာနှင့်သူ အရေးပါအရာရောက်ကြောင်းနှင့် နှစ်ဦးစလုံးတွင် ကိုယ်ပိုင်အရည်အချင်းစွမ်းရည်အပြည့်ရှိကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် မိသားစုတစ်စုတွင် အမျိုးသားများသည် အရေးပါသောသူများဟု သတ်မှတ်နိုင်သလို အမျိုးသမီးများသည်လည်း အရာရောက်သူများဖြစ်သည်ဟု ဆိုနိုင်ပေသည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနှင့် ပါဝင်ခဲ့ကြသည်။ ယခင်က အမျိုးသမီးများသည် မှီခိုဟူသော အမည်နာမဖြင့် ရပ်တည်ခဲ့ကြသော်လည်း ယခုအခါ နေထိုင်သည့်အရပ်၊ အလုပ်လုပ်ကိုင်သည့်နေရာပေါ် မူတည်၍ အကျိုးပြုပုံစံများ ကွဲပြားလာကြပြီး နယ်ပယ်အသီးသီး၊ ကဏ္ဍအစုံစုံတွင် လုပ်သားအင်အားစုများအဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိသည်။

ထို့ကဲ့သို့ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နေသော်လည်း အခြားတစ်ဖက်တွင်လည်း လုပ်ငန်းခွင်အတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခံရမှုများ၊ အိမ်တွင်းအကြမ်းဖက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းများ၊ နည်းပညာပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများနှင့် ငွေကြေးပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် အိမ်ရာမဲ့အမျိုးသမီးများ၊ လိင်လုပ်သား အမျိုးသမီးများ၊ မသန်စွမ်းသူအမျိုးသမီးများနှင့် မိသားစုမှပစ်ပယ်ခံထားရသူ အမျိုးသမီးများသည် ခေါင်းပုံဖြတ်ခြင်းနှင့် မဖွယ်မရာပြုမူခံရခြင်းများကို ပိုမိုခံစားရလျက်ရှိသည်။

ယခုခေတ်ကာလတွင် လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာ ပျံ့နှံ့လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပုံစံအသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။ အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ကွန်ပျူတာနှင့် ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးပစ္စည်း ကိရိယာတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း အွန်လိုင်း အကြမ်းဖက်ခြင်းများကို ပြုလုပ်လာကြသည်။ အွန်လိုင်းမှတစ်ဆင့် ဟန်ဆောင်လိမ်ညာဖမ်းဆီးခေါ်ဆောင်ပြီး အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်စေခိုင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ် ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်း တွေ့ရှိနေရပေသည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် လေ့လာမှုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အွန်လိုင်းအကြမ်းဖက်မှုများကို ကိုယ်တိုင်ကြုံတွေ့နေရပြီး ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းပေါ်တွင် အချိန်ပိုမိုသုံးစွဲခဲ့သည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်ခံရမှု ပိုမိုများပြားကြောင်း လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ယခုခေတ်တွင် ကျောင်းနေအရွယ်မှစပြီး ကလေးတိုင်း ဖုန်းကို ကိုင်တွယ်ရင်းနှီးနေသည့်အတွက် အမျိုးသမီးငယ်အများစုသည် လက်ကိုင်ဖုန်းအသုံးပြုရာတွင် ကောင်းမွန်သည့်အကျိုးရလဒ်များရရှိနိုင်သလို အန္တရာယ်လည်းရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံ၏ ဘေဂျင်းကြေညာစာတမ်း၌ လုပ်ငန်းနယ်ပယ်အသီးသီးရှိ အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတိုင်းတွင် အမျိုးသမီးကော်မတီများ ဖွဲ့စည်းရန်ဆိုသည့် အချက်ပါရှိခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိသည်။ ၁၉၉၈ ခုနှစ်မှစ၍ မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။

**❖ကျား၊ မ တန်းတူမခွဲခြားဘဲ မည်သည့်ကဏ္ဍတွင်မဆို ပါဝင်ရန် ခွင့်ပြုထားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင် အမျိုးသမီးများအနေဖြင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကို ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားပြီး အဆိုပါကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးထားပြီး အာဆီယံအမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။ ❖**

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများ ဘဝကာကွယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးများကို ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ကျား၊ မ တန်းတူမခွဲခြားဘဲ မည်သည့်ကဏ္ဍတွင်မဆို ပါဝင်ရန် ခွင့်ပြုထားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင် အမျိုးသမီးများအနေဖြင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာတွင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကို ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပြဋ္ဌာန်းထားပြီး အဆိုပါကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးထားပြီး အာဆီယံအမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍစုံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်ခွင့်ရရှိရေးအတွက် ကဏ္ဍပေါင်းစုံပါဝင်သည့် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း" ၂၀၁၃-၂၀၂၂ ကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မဟာဗျူဟာစီမံကိန်းသည် ၂၀၂၂ ခုနှစ်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည့်အတွက် ၂၀၂၃-၂၀၃၂ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ခြောက်ရာခိုင်နှုန်းလျော့နည်းပြီး အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်းတွင်လည်း အမျိုးသမီးလုပ်သားပါဝင်မှုနှုန်းသည် အမျိုးသားလုပ်သားပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အမျိုးသမီးများ၏ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးရန် လိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏စွမ်းရည်များကို မြှင့်တင်ပေးရန် လိုအပ်သည်။

အမျိုးသမီးများ ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ထိပါးနှောင့်ယှက်ခံရမှု၊ အကြမ်းဖက်မှုများကြုံတွေ့နေရမှုအပေါ် ကျူးလွန်ခံရသူကို မိဘဆွေမျိုး၊ အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်တို့မှ အပြစ်တင်ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းများ မပြုလုပ်ဘဲ ကာကွယ်ဖေးမပေးခြင်း၊ စာနာနားလည်ပေးခြင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးတိုင်းအတွက် လိုအပ်သည့် လူမှုရေး၊ အထောက်အပံ့ကောင်းများကို လွယ်လင့်တကူ ရရှိစေရန် ပံ့ပိုးပေးခြင်း၊ အကြမ်းဖက်မှုကျူးလွန်သူများကို ပြစ်မှုနှင့် လျော်ညီထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ခြင်း စသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

"မြန်မာအမျိုးသမီးများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဂုဏ်ရည်များဟာ ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ခဲ့တာမို့ ဆက်လက်ထိန်းသိမ်းသွားကြဖို့ လိုအပ်ပါတယ်။ အမျိုးသမီးများ ကဏ္ဍမြင့်မားရေး၊ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်းဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း" စသည်ဖြင့် ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသမီးများကိုယ်၊ စိတ်ကျန်းမာလုံခြုံစွာဖြင့် တာဝန်များထမ်းဆောင်နိုင်မှသာ ၎င်းတို့နှင့် ဆက်စပ်နေသည့် မိသားစု၊ မိသားစုမှသည် လူမှုအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းမှသည် နိုင်ငံတော်ထိ သာယာဝပြောစေမည်ဖြစ်သည်။ အမျိုးသမီးများကို အကြမ်းဖက်မှုအဆုံးသတ်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်မည်ဖြစ်သည်။ ကဏ္ဍစုံတွင် အမျိုးသမီးများကို ပစ်ပယ်ထားမည်ဆိုပါက လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေမည်ဖြစ်၍ အမျိုးသမီးများကို အကြမ်းဖက်မှုကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**


- Internet
- နေ့စဉ်ထုတ်သတင်းစာများ။


**ကျော်တင့်(ရွှေခရမ်း)**

## ဇာတ်ညွှန်းရေးဆရာကြီး ရှင်မိုးထွေး၊ မောင်စိမ်းနွယ်၊ တက္ကသိုလ်ကိုကိုနိုင်တို့ကို ဇာတ်ညွှန်းရေးဆရာများက အိမ်တိုင်ရာရောက် ဂါရဝပြုကန်တော့



ရန်ကုန် ဒီဇင်ဘာ ၁

သက်ကြီးအနုပညာရှင်များဖြစ်သည့် ဇာတ်ညွှန်းရေးဆရာကြီး ရှင်မိုးထွေး၊ မောင်စိမ်းနွယ်နှင့် တက္ကသိုလ်ကိုကိုနိုင်တို့ကို ဇာတ်ညွှန်းရေးဆရာများက နိုဝင်ဘာ ၃၀ ရက်က အိမ်တိုင်ရာရောက် ဂါရဝပြု ကန်တော့ခဲ့ကြကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ထိုသို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ကြရာတွင် ဆရာကြီးတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် စားသောက်ဖွယ်ရာများကို အိမ်တိုင်ရာရောက် ကန်တော့ကြခြင်းဖြစ်ကြောင်း သိရသည်။

"သက်ကြီး ဇာတ်ညွှန်းရေးဆရာကြီးတွေကို မိမိတို့အစီအစဉ်နဲ့ နှစ်စဉ်ကန်တော့လေ့ရှိပါတယ်။ ဒီနှစ်ကတော့ အိမ်တိုင်ရာရောက် သွားကန်တော့ခဲ့ပါတယ်။ အသက် ၉၀ပြည့်တော့မှာဖြစ်တဲ့ ဆရာကြီး မောင်စိမ်းနွယ်၊ ရဟန်းဘဝ ၅ဝါ ရခဲ့ပြီး သက်တော် ၈၃ နှစ်ရှိပြီဖြစ်တဲ့ ဆရာကြီး ရှင်မိုးထွေးနဲ့ အသက် ၈၀ ကျော်ပြီဖြစ်တဲ့ ဇာတ်ညွှန်းဆရာကြီး တက္ကသိုလ်ကိုကိုနိုင်တို့ကို အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြပါတယ်။ ငွေကြေးအနေနဲ့ကတော့ တစ်ယောက်ကို ငွေကျပ် ၁၅၀၀၀၀ ဂါရဝပြုကန်တော့ပါတယ်။ မုန့်မျိုးစုံနဲ့ အခြားကန်တော့ပစ္စည်းတွေလဲ ပါပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထိုသို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ကြရာတွင် ဇာတ်ညွှန်းရေးဆရာ၊ ဆရာမများဖြစ်ကြသည့် ဦးအေးကြူလေး၊ စာရေးဆရာ ဒါရိုက်တာ အောင်စိုးဦး၊ သက်သခင်၊ မယ်ခိုင်၊ ဒေါက်တာအောင်မိုး၊ ချောကလျာဇော်၊ ချောကဗျာဇော်၊ သရုပ်ဆောင် နေရှိန်း စသူတို့ပါဝင် ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

ASH

## ဒစ္စနီး၏ Moana-2 ကာတွန်းဇာတ်ကား နှစ်ရက်တာ ဝင်ငွေ ကန်ဒေါ်လာ ၅၇ သန်းကျော်ရရှိ

နယူးယောက် ဒီဇင်ဘာ ၁

ဒစ္စနီးကုမ္ပဏီ၏ Moana-2 ဇာတ်ကားသည် ပွဲဦးထွက်ပြသခဲ့သည့် နှစ်ရက်တာအတွင်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၅ သန်းထိ ရရှိခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အထက်ပါဝင်ငွေအတိုင်းအဆအရ Moana-2 ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၇၅ သန်းထိရရှိနိုင်ကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Moana-2 ဇာတ်ကားကို နိုဝင်ဘာ ၂၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ပြီး Moana-2 ဇာတ်ကား ကွန်ပျူတာ အင်နီးမေးရှင်းရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဒါးရစ်ဂျူနီယာဂျေဆင်ဟန့်က ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ အဓိကဇာတ်ကောင်များအတွက် ကမ္ဘာကျော်မင်းသား ဒွေးန်ဂျွန်ဆင်နှင့် မင်းသမီး အော်လီအီကရာဗယ်ဟိုတို့က အသံဖြင့်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

Moana-2 ဇာတ်ကားသည် Moana(2016)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




## တေးသံရှင် ကိုင်ဇာနှင့်မေခလာတို့၏ အချစ်ရဲ့ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden ၌ ပြုလုပ်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၁

တေးသံရှင် ကိုင်ဇာနှင့် မေခလာတို့၏ အချစ်ရဲ့ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

အချစ်ရဲ့ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Success Band တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပေးမည် ဖြစ်ကြောင်း သိရသည်။




"ချစ်ငယ်နဲ့ကိုညီတို့ ငယ်ငယ်က သီဆိုခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းတော်ကြီးရဲ့ အမှတ်တရ တေးသီချင်းတွေကို ပြန်ကြားရမဲ့ အမှတ်တရ ဆောင်းညတစ်ညမို့ တစ်ခါက ကျောင်းတော်ကြီးရဲ့ အလွမ်းညတွေကို ပြန်ခံစားနိုင်ကြဖို့ Inya Lake Garden မှာ ဆုံကြပါစို့"ဟု တေးသံရှင် မေခလာက ပြောပြသည်။

အချစ်ရဲ့ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီမှစ၍ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

ASH

## Nosferatu ထိတ်လန့်သည်းဖို့ဇာတ်ကားသစ် စုစုပေါင်းပြသချိန် နှစ်နာရီနှင့် ၁၂ မိနစ်ထိရှိ

နယူးယောက် ဒီဇင်ဘာ ၁

Nosferatu ထိတ်လန့်သည်းဖို့ ဇာတ်ကားသစ် ဒါရိုက်တာ ရောဘတ်အက်ဂါအတွက် ပြသချိန်ဒုတိယအရှည်လျားဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Nosferatu ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ နှစ်နာရီနှင့် ၁၂ မိနစ်ထိရှိကြောင်း သိရသည်။

ဒါရိုက်တာ ရောဘတ်အက်ဂါ၏ ပြသချိန် အချိန်အရှည်လျားဆုံး ဇာတ်ကားမှာ The Northman ဇာတ်ကားဖြစ်ပြီး ပြသချိန် နှစ်နာရီနှင့် ၁၇ မိနစ်ရှိကြောင်း သိရသည်။

Nosferatu ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါဇာတ်ကားသည် Nosferabu (1922) ထိတ်လန့်သည်းဖို့ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

Nosferatu ဇာတ်ကားသစ်တွင် မင်းသား ဘီစကားဂျ်၊ နီကိုလပ်ဟော့နှင့် မင်းသမီး လီလီရို့ဒပ်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai One man Show ကို ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar တွင် ပြုလုပ်သွားမည်ဖြစ်




ရန်ကုန် ဒီဇင်ဘာ ၁

တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Sai Sai One man Show ကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေရှိ ဇမ္ဗူသီရိမြို့နယ်ရှိ Excellent Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြ၍ သိရသည်။

အဆိုပါ Sai Sai One man Show တွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ တေးသီချင်းဖျော်ဖြေမှုများကို Mercury IX တေးဂီတအဖွဲ့မှ အကောင်းဆုံးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"နေပြည်တော်က ပရိသတ်တွေနဲ့ဆုံချင်တဲ့အတွက် ဒီပွဲလေးကို စီစဉ်လိုက်တာပါ။ ရတဲ့နေရာလေးမှာ စီစဉ်လိုက်ရတဲ့အတွက် ပရိသတ်အားလုံးနဲ့ မဆုံနိုင်တာကိုတော့ နားလည်ပေးကြပါ"ဟု တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က ပြောပြသည်။

Excellent Bar တွင် ပြုလုပ်မည့် Sai Sai One man Show ကို ဒီဇင်ဘာ ၁၄ ရက် ည ၇ နာရီမှ စတင်သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Diamond jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023 held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the ceremony and present awards





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy performances at the Diamond Jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023.

**Nay Pyi Taw December 1**

National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023 were presented at the ceremony held at MICC1 in commemoration of the Diamond Jubilee National Literature Awards here this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and presented awards.

Present together with the Senior General and wife were Joint SAC Secretary General Ye Win Oo and wife, SAC members and wives, union ministers and wives, union level officials and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, members of award selection committee, award winners, literati, artists, literature enthusiasts and officials.

The Senior General and wife formally opened the Diamond Jubilee commemorative exhibition by pushing a button.

The Senior General and wife and attendees looked around the exhibition, biographies and photos of the award winners, award-winning works, books and periodicals, exhibition showing the Myanmar literature development in Inwa period and literature exhibitions.

Then the ceremony began, and the Senior General and attendees enjoyed the song honouring the diamond jubilee ceremony staged by artists of MRTV and a video clip on enhancing the prestige of the nation and people through the power of literature.

In his address, the Senior General said as a cultural tradition, the country has observed the Sarsodaw Day ceremony on the first waxing day of the Myanmar month, Nattaw, since 1944 in honour of the literature works of the well-versed literary scholars and men and women of letters who had served the interest of the nation and people with the might of pen.

*See Page 13*



Senior General Min Aung Hlaing addresses the Diamond Jubilee prize-presentation ceremony of National Literary Award for Lifetime Achievement, National Literature Awards and Sarpay Beikman Manuscript Awards for 2023.



Senior General Min Aung Hlaing presents medal to Dr Kyaw Win, a National Lifetime Award winner for Literary Achievement.



Senior General Min Aung Hlaing presents medal to U Nyunt Tin, a National Lifetime Award winner for Literary Achievement.



Senior General Min Aung Hlaing views award-winning publications.

*From Page 12*

From Bagan period till now, Myanmar literature has the thousand years of history. Efforts for the development of literature world that is the main stem of the various branches of Myanmar culture and art during the periods from Bagan period, Pinya period, Inwa period, Toungoo period, Nyaungyan period, Konboung period, and colonial period to the present age deserve honour and respect.

Literature is the source of all branches of culture and arts, apart from ideas, habits, behaviors, customs, religion, relationships. Literature is the cultural pillar and various kinds of books are the mirror of the successive ages of mankind. Books are people's good friends, and the improvement in literary knowledge and the national pride has direct relations. As literature reflects the standard of civilization of a country, literary scholars, individual persons, organizations and new generations who value literature must protect, preserve and the hand down the fine traditions of Myanmars' honourable values of literature.

The practice of selecting the valuable works of literary scholars created for the benefit of the country and people for national level literature awards and holding of annual prize-presentation ceremony on Sarsodaw Day is the nation's priceless tradition. The tradition that began in 1948 has reached its diamond jubilee now.

Sarpay Beikman, established in August 1947 under the leadership of General Aung San, the architect of Myanmar's independence, aimed to promote international knowledge among ethnic communities through the publication of translated literature. In 1948, the institution presented the first-ever "Sarpay Beikman Contemporary Novel Award" for the Development of Myanmar Literature.

The "Sarpay Beikman Award for Contemporary Novels" has undergone several name changes over the years, including "Sarpay Beikman Award" "Arts and Literature Award" and "National Literature Award." Along with these changes, the scope of subjects and the prize amounts have been periodically expanded and enhanced. For the 2023 National Literature Award, prizes will be presented in 19 categories.

The "Sarpay Beikman Manuscript Award" is presented annually to recognize and promote outstanding manuscripts by authors whose works remain unpublished for various reasons. This year, awards will be given in 13 categories.

Furthermore, the "National Literary Awards for Lifetime Achievement " has been presented annually since 2001 to honor individuals who have made significant contributions to the development of Myanmar literature, as well as to the nation and its people, through their lifelong dedication and service.

For this year's National Literary Awards, winners were chosen for 15 out of the 19 specified categories from a total of 1,050 books first time published in 2023. Similarly, for the Sarpay Beikman Manuscript Award, 30 outstanding manuscripts were selected across 13 categories from a pool of 284 submissions. The awards will be presented at this ceremony.

The award selection committee has determined that the authors, books, and manuscripts honored with the National Literary Award and the Sarpay Beikman Manuscript Award encompass works by emerging writers, mid-career writers, and seasoned writers. These works reflect contemporary ideas and perspectives, promote goodwill and empathy, and incorporate modern technologies and sciences—both domestic and foreign—that contribute to national development and security.

Additionally, the selected works include scientific content presented in away that is accessible and easily understood by the public.

The National Literary Award for Lifetime Achievement was also presented as part of an effort to honor distinguished literary figures and expand the number of awards given each year. From 2001 to 2011, only one person was awarded each year. Later, the number of recipients increased to two or three per year. During our tenure, we honored up to four individuals annually. This year, we will honor up to six literary scholars.

The Senior General said he took pride in activity of the State in deservedly honouring all doyen literati as National Lifetime Award winners for Literary Achievement.

The State Administration Council is striving for shaping a peaceful and prosperous future and good present of the State and the people. In so doing, the Senior General firmly believes that strength of literati will be reliable and beneficial for the State. The government fulfills the needs of scholars from literary and fine arts sectors so as to show off their fine arts qualification and creation. Now, Sarso Beikman building which will benefit literati and literary realm is being built in cooperation with the Indian government.

In the book publishing sector, the government provides necessary aid for literary arena to exchange literary culture with international community. Moreover, outstanding persons in the literary and fine arts realms are being offered with honorary titles.

Fake news, hate speech and unaccredited information without ethics are destroying peace, stability and development momentum of the country. These can disintegrate the national solidarity. These disturb the goal of peace all the people aspire to.

It is necessary to turn out well-versed human resources in undertaking overall development of the Union, forging durable peace and building the Union based on democracy and federalism as part of shaping a future democratic new nation. Hence, now is time to uplift capacity of youths who are strength of the future State. As such, they have to read good literature of doyen literati to accumulate knowledge.

As books which were not published and read many years ago are new for all readers, good literature must be republished for new generation youths. Hence, guidance has been given to the Ministry of Information to republish Public Science treatise volumes published by the Myanmar Translation Society and other proper books. Now, Myawady Literature House is also publishing proper books.

The State Administration Council is implementing the roadmap and objectives in order to build the Union aligned with the aspiration of the people. To be able to achieve success in these measures, it is necessary to turn out well-versed human resources and shape a knowledgeable society. In this regard, the knowledge and life guidance of books and literature can contribute a great deal to emergence of the prosperous society.

Honouring and pay respect to monk authors and literati who served interests of the country with the strength of literature and uplifted prestige of the State in Myanmar history are an honourable fine tradition of Myanmar. Doyen literati have to pass such fine tradition on new generations. Those new generations have to follow literary ethics and create fine literature for the readers to serve interests of the nationality, language and region and polish image of the State. The Senior General then urged all to participate in measures to develop the Myanmar literary realm.

The Senior General and his wife presented medals, cash awards and gifts to National Lifetime Award winners for Literary Achievement: literati Sayagyi Dr Min Tin Mon (Paragu Min Nanda), literati Sayagyi Dr Toe Hla, literati Sayagyi U Nyunt Swe (Maung Swe Thet), literati Sayagyi U Than Swe (Maung Than Swe-Dawei), literati Dr Kyaw Win (Retired Professor of History and literati Sayagyi U Nyunt Tin (Maung Nyein Thu-Gyobingauk) respectively.

Union Minister for Information U Maung Maung Ohn presented gifts to mark the diamond jubilee celebration to the Senior General and his wife.

Council Joint Secretary General Ye Win Oo, Council members General Mya Tun Oo, Admiral Tin Aung San, General Maung Maung Aye, Lt-Gen Yar Pyae, General Nyo Saw, Union Ministers U Win Shein and U Maung Maung Ohn awarded winners in the national literature award and Sarpay Beikman Manuscript Contest respectively.

National Lifetime Award winner for Literary Achievement Sayagyi U Kyaw Win (Professor of History Department-Retired) spoke words of appreciation.

Artistes from Myanma Radio and Television under the Ministry of Information and artistes from the Fine Arts Department under the Ministry of Religious Affairs and Culture performed choral dance with the title of "literary goodwill and wishes" and a drama with the title of "light of literature".

The Senior General, his wife and attendees posed for documentary photos with award winners.

After the ceremony, the Senior General and his wife and party had the lunch together with the award winners.

After the lunch, the Senior General and his wife cordially greeted the award winners, artistes and literary scholars. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Honorary dinner hosted for ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards



Senior General Min Aung Hlaing attends the honorary dinner for the ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards.

**Nay Pyi Taw December 1**

An honorary dinner was hosted this evening for the ceremony to present national literary awards for lifetime achievements, national literary awards, Sarpay Beikman manuscript awards for 2023 in commemoration of the 75th anniversary diamond jubilee national literary awards at the International Convention Centre-1 in Nay Pyi Taw and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and the dinner.

Also present at the events together with the Senior General were wife Daw Kyu Kyu Hla, Joint Secretary General Ye Win Oo and wife and members of the SAC and their wives, union ministers, union level officials and their wives, senior military officers from the office of the Commander-in-Chief of Defence Services and their wives, the commander of Nay Pyi Taw Command, deputy ministers, members veteran writers of the award scrutinizing committe, award winner, academics, artists and officials.

First, the Senior General and wife were welcomed by attendees.

Then, the Senior General and wife enjoyed the dinner together with the guests.

Before and during the dinner, artists from the Fine Arts Department of the Ministry of Religious Affairs and Culture, the MRTV of Ministry of Culture and the Myawady band of the Directorate of Public Relations and Psychological Warfare entertained the guests with music and dances.

After the dinner, the Senior General and wife presented a honorary flower basket for the artists. 100



The honorary dinner being hosted.

# Bitter gourd in high trading in Kyaiklat Township

**Kyaiklat December 1**

Bitter gourd produced by Kyaiklat Township of Ayeyawady Region is high demand with good trading in the market, said Daw Thida, the owner of green grocery wholesale centre in Kyaiklat Township.

Starting from the second week of November, bitter gourd is in high demand at the market. In the domestic market, some 25,000 pieces of bitter gourds are being traded daily.

Daw Thida explained: "Bitter gourds produced by Kyaikat Township is in good trading. It was planted in monsoon. The township produces quality fruits. Local farmers produce quality and healthy fruits."

In the domestic market in Kyaiklat Township, bitter gourd is fetching K20,000 per 100 fruits. Local merchants and farmers dispatch bitter gourds and other green groceries to Pathein, Kyaunggon, Pantanaw and Maubin townships. Kyaw Kyaw Lin

# Syrian forces regain territory, halt rebel advance in Hama amid heavy fighting

**Damascus December 1**

Syrian government forces launched a counteroffensive in the northern countryside of Hama province in central Syria, reclaiming key areas from rebel groups after days of intense clashes, state media and a war monitor reported Sunday.

Units of the Syrian army reinforced their defensive lines overnight with additional firepower, personnel, and equipment, successfully repelling attacks by terrorist organizations and preventing any breaches, the Syrian Defense Ministry said in a statement.

"Our armed forces managed to secure several areas after expelling the terrorists, most notably Qalaat al-Madiq and Maardas, killing dozens of them while the rest fled," the ministry added.

State-run Syrian television reported that approximately 1,000 militants from the militant group Hayat Tahrir al-Sham (HTS) and affiliated groups were killed over the past three days during the army's operations.

The Syrian Observatory for Human Rights, a Britain-based war monitor, confirmed that government forces have dispatched significant reinforcements in recent hours.

Since early Sunday morning, warplanes have conducted a series of airstrikes targeting areas around Mork, Khan Sheikhoun, Kafr Nabl, Hazarin, and Tal Kokba in the northwestern province of Idlib and northern Hama areas recently seized by the HTS. There were no immediate reports of casualties.

According to the Observatory, the intensive airstrikes have halted the advance of rebel factions in the Hama countryside.

Xinhua

# Romanians vote for new parliament as presidential race pending

**Bucharest December 1**

Romanian voters cast ballots for a new parliament on Sunday, shortly after the dark horse independent candidate Calin Georgescu's lead in the first round of the presidential election.

More than 18 million Romanian citizens, including those living abroad, cast ballots to fill 332 seats in the Chamber of Deputies and 137 in the Senate.

A total of 18,968 polling stations across Romania's 42 constituencies opened at 7:00 a.m. local time (0500 GMT) and will close at 9:00 p.m. (1900 GMT).

Additionally, 950 polling stations abroad are operating over the weekend, on both Saturday and Sunday.

By Sunday morning at 7:00 a.m., 170,094 diaspora voters had cast their ballots, almost twice the turnout at the same time in 2020, according to real-time data from the Permanent Electoral Authority.

Over 8,000 candidates from 31 political parties, alliances, and 19 national minority organizations contested the election.

Major parties in the race include the Social Democratic Party, SOS Romania, National Liberal Party, Alliance for the Union of Romanians, Right Force, Hungarian Democratic Union of Romania, and Save Romania Union.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ယူကရိန်းနှင့် အစ္စရေးတို့အပေါ် စစ်ရေးပံ့ပိုးကူညီပေးနေသည်ဟု အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီး ဝန်ခံခဲ့



အမေရိကန်သည် ယူကရိန်းနှင့် အစ္စရေးနိုင်ငံတို့အပေါ် စစ်ရေး ပံ့ပိုးကူညီပေးနေသည်ဟု အမေရိကန်နိုင်ငံ ရေတပ်ဗိုလ်ချုပ်ကြီး Samuel Paparo က ဝန်ခံခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Brookings Institution ၌ ကျင်းပပြုလုပ်သောပွဲတစ်ခု၌ အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီး Samuel Paparo က အမေရိကန်လက်နက်တိုက်များမှ အဆင့်မြင့်စစ်လက်နက်ပစ္စည်း ကိရိယာများ လွှဲပြောင်းပေးပို့နေခြင်းသည် အမေရိကန်၏ ကမ္ဘာ့တစ်ဝန်းရှိ အဆင့်မြင့်တိုက်ပွဲဝင်အသင့် စွမ်းဆောင်ရည်များအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ရှင်းပြခဲ့သည်။ အခြေခံအားဖြင့် အလေးအနက်ထားဆုံး စစ်နယ်ဝန်းဖြစ်သည့် အင်ဒိုပစိဖိတ်ဒေသတွင် အမေရိကန်နိုင်ငံ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုအပေါ်သက်ရောက်မှုများ ရှိ၍မရပေ။ အကြောင်းမှာ ကမ္ဘာပေါ်တွင် စွမ်းဆောင်ရည်အရှိဆုံး ရန်သူရှိနေသောကြောင့်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ဥရောပရှိ ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းဒေသရှိအစ္စရေးတို့ထံ ပေးပို့ထောက်ပံ့နေသည့် စစ်လက်နက်ပစ္စည်း အရေအတွက်များနှင့်ပတ်သက်၍ အစပိုင်း၌ အမျိုးအစားစုမှာ အမြောက်လက်နက်စနစ်များနှင့် တာတိုပစ်စနစ်များဖြစ်သောကြောင့် အရေးမစိုက်မိခဲ့ကြောင်း၊ သို့သော် ပိုမိုအဆင့်မြင့်မားသော လက်နက်များအပါအဝင် စစ်ရေးအကူအညီများ ဆက်လက်တိုးချဲ့ပေးအပ်လာခြင်းကြောင့် လွှဲပြောင်းထောက်ပံ့နေမှုများသည် ယခုအခါ အမေရိကန်တပ်မတော်၏ လက်နက်တိုက်များတွင် သိုလှောင်ထားမှု(လက်နက်၊ ခဲယမ်းများ)များ တစ်စတစ်စ လျော့နည်းသွားခဲ့ကြကြောင်း Samuel Paparo က ဝန်ခံပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံထံ အမေရိကန်၏ စစ်ရေးအကူအညီတွင် Patriot အဆင့်မြင့်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များနှင့် High Mobility Artillery Rocket System အတွဲလိုက်ဒုံးပစ်လောင်ချာများ ပါဝင်လျက်ရှိသည်။ ပင်တဂွန်စစ်ဌာနချုပ်သည် အီရန်၏ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုကို ကာကွယ်ရန်အတွက် Terminal High Altitude Area Defense system အမြင့်ပျံလေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးစနစ်ကိုလည်း အစ္စရေးနိုင်ငံသို့ဖြန့်ကြက်ချထားခဲ့သည်။

မကြာသေးမီက ထွက်ပေါ်လာသော Paparo ၏ မှတ်ချက်များသည် တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်မှုများတွင် အမေရိကန်တပ်မတော်ကို ၎င်း၏ လက်နက်တိုက်များရှိ လက်နက်ခဲယမ်းများ ပြန်လည်ဖြည့်တင်းထားကြရန် တိုက်တွန်းခဲ့သည့် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ သုံးသပ်ချက်နှင့်လည်း ကိုက်ညီနေသည်။

အဆိုပါသုံးသပ်ချက်၊ အစီရင်ခံစာတွင် ပင်တဂွန်စစ်ဌာနချုပ်သည် တရုတ်သို့မဟုတ် ရုရှားနှစ်နိုင်ငံစလုံးကို တစ်ပြိုင်နက်တည်း ရင်ဆိုင်ရန်မဆိုထားနှင့် အပြည့်အဝဖြစ်ပွားလာနိုင်သော စစ်ပွဲတစ်ရပ်အတွက် ပြင်ဆင်မှုမကောင်းကြောင်း သတိပေးထားသည်။ လက်ရှိသိုလှောင်ထားသော စစ်လက်နက်ပစ္စည်းကိရိယာများဖြင့် ပဋိပက္ခဖြစ်ပွားလာပါက အချိန်ကာလသုံးပတ်မှလေးပတ်ထက်မပိုသော ဆက်ထိန်းထားနိုင်စွမ်းရှိသည်ဟုပင် အမေရိကန်တပ်မတော်က သတိပေးထားသည်။ ကျွန်ုပ်တို့သည် အမေရိကန်တပ်မတော်ရှိ လက်နက်တိုက်များကို အမြန်ဆုံးပြန်လည်ဖြည့်တင်းသင့်ပြီး လက်နက်ခဲယမ်း ပမာဏများနှင့်ပတ်သက်၍ စိတ်ကျေနပ်စရာမကောင်းကြောင်း ဗိုလ်ချုပ်ကြီး Samuel Paparo က ထည့်သွင်းပြောကြားသွားခဲ့သည်။

**US admiral admits ukraine, israel military aid affecting readiness for china** ကို ဘာသာပြန်ဆိုထားပါသည်။

## တောင်ကိုရီးယားနိုင်ငံသားများက အစိုးရကို ယူကရိန်းသို့စစ်လက်နက်ပစ္စည်းများထောက်ပံ့၊ ရောင်းချခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်ခဲ့

တောင်ကိုရီးယားနိုင်ငံသား အများစုသည် ယူကရိန်းပဋိပက္ခတွင် မြောက်ကိုရီးယား ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲပြောကြားထားသော်လည်း တောင်ကိုရီးယား နိုင်ငံသားများအနေဖြင့် ယူကရိန်းသို့ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့၊ ရောင်းချခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ Gallup Korea သုတေသနကုမ္ပဏီတစ်ခုက အောက်တိုဘာလအတွင်းပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ ဖြေဆိုသူ ၈၂ ရာခိုင်နှုန်းသည် ယူကရိန်းပဋိပက္ခတွင် စစ်လက်နက်ပစ္စည်းများအပါအဝင် စစ်ဘက်အကူအညီများ တိုက်ရိုက်လွှဲပြောင်းပေးအပ်ခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားနှင့် ရုရှားကြား စစ်ဘက်ဆက်ဆံရေးများ တိုးတက်လာမှုအပေါ် သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံသားအများစုက ရှုမြင်ခဲ့ကြသော်လည်း ယူကရိန်းကို အားပေးအားမြှောက်မလုပ်သင့်ဟု ထင်မြင်ထားကြသည်။ စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် ရောက်ရှိနေသည့် ယူကရိန်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း သမ္မတယွန်ဆွတ်ယိုး ရုံးခန်းရှေ့တွင် ဆန္ဒပြသူတစ်စုက ဆန့်ကျင်ကန့်ကွက်ခဲ့ကြရာ တောင်ကိုရီးယားနိုင်ငံသားများ၏ သဘောထားဆန္ဒအမှန်ကို ထင်ဟပ်စေလျက်ရှိသည်။ ယူကရိန်းနိုင်ငံထံ စစ်လက်နက်ထောက်ပံ့ရန် တောင်ကိုရီးယားအစိုးရအတွက် စီစဉ်စရာအကြောင်းမရှိကြောင်း အဆိုပါဆန္ဒပြသူတစ်စုက ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသား အများစုသည် စစ်ဒဏ်ခံနေရသော ယူကရိန်းနိုင်ငံကို တိုက်ရိုက်ပံ့ပိုးကူညီမှု လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များနှင့်ပတ်သက်၍ စိုးရိမ်နေခြင်းလည်းဖြစ်နိုင်ကြောင်း၊ တောင်ကိုရီးယားအစိုးရက ယူကရိန်းကိုဆက်လက်ထောက်ပံ့နေမှုအတွက် အကျိုးကျေးဇူးရှိနိုင်သော်လည်း ယူကရိန်းနှင့် ပတ်သက်၍ ပြည်တွင်းထောက်ခံမှု အနည်းငယ်သာရရှိပါက လာမည့် အမေရိကန်အစိုးရနှင့်ဆက်ဆံရေးမှာ ဆိုးရွားသွားနိုင်ကြောင်း Asian Institute for Policy Studies မှ ခွဲခြမ်းစိတ်ဖြာသူ Yang Uk က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားစစ်သားများသည် ရုရှားတပ်ဖွဲ့များကို ရှေ့တန်းကျကျ ဝင်ရောက်၍ ကူညီတိုက်ခိုက်ပေးနေသည်ဟု သတင်းများထွက်ပေါ်ပြီးနောက်တွင် တောင်ကိုရီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံသို့စစ်လက်နက်ပစ္စည်းများထောက်ပံ့




ပေးသွားနိုင်ရေးအတွက် စဉ်းစားလာခဲ့သည်။ ယူကရိန်းနိုင်ငံထံ ပေးအပ်နေသော အနောက်နိုင်ငံများ၏ အကူအညီကို တုံ့ပြန်သည့်ကြိုးပမ်းမှုတွင် မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံသို့ ပဲ့ထိန်းဒုံးကျည်များနှင့် အမြောက်၊ ရော့ကတ်စနစ်များအပါအဝင် စစ်လက်နက်များနှင့် ခဲယမ်းများပေးပို့ခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံအတွက် ထောက်ပံ့ပေးအပ်ရန် အလားအလာရှိသော စစ်ရေးအကူအညီအပေါ် တောင်ကိုရီးယားအနေဖြင့် ဆန်းစစ်ရန်နှင့် မဆင်မခြင်လုပ်ရပ်များကို ရှောင်ကြဉ်ရန် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Andrey Rudenko က သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားထုတ် စစ်လက်နက်ပစ္စည်းများ အသုံးပြုတိုက်ပွဲဝင်စေခြင်းသည် နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပျက်ပြားစေကြောင်း ၎င်းက ထောက်ပြထားသည်။ ကိုရီးယားသမ္မတနိုင်ငံအုပ်ချုပ်ရေးကို ပြင်ပအင်အားစုများက ရေတိုအခွင့်ကောင်းယူနေသည့် စဉ်းစားချက်များဖြင့်မဟုတ်ဘဲ ရေရှည်အမျိုးသားအကျိုးစီးပွားများပေါ်ဦးတည်၍ လမ်းညွှန်ထိန်းကျောင်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း Rudenko က ပြောကြားခဲ့သည်။

**Eight in 10 South Koreans Oppose Sending Weapons to Ukraine: Poll** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။

စာပေသည် လူ့အဖွဲ့အစည်း၏အကြံအစည်၊အပြုအမူ၊ အနေအထိုင်၊ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေးစသည့်ကိစ္စများအပြင် ယဉ်ကျေးမှုအနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ **“စိန်ရတုမှသည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

**ရာထောင်ချီ”** စာပေဆုနှင်းသဘင်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် **“နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့် မြှင့်တင်မည်”** မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြု

**အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိရန် လိုအပ်. . .**

လျက်စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်ကစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိ မြန်မာ့ယဉ်ကျေးမှုအနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ကောင်းများကို စာပေပညာရှင်များ၊စာပေကိုတန်ဖိုးထားသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့်မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံနှင့်ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့်အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ကောင်းမြတ်သည့်အစဉ်အလာပင်ဖြစ်ကြောင်း၊ ထိုသို့ကောင်းမွန်သည့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှအား ဆုတံဆိပ်၊ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွှန့်ဆွေ (မောင်ဆွေသက်)အား ဆုတံဆိပ်၊ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် အမျိုးသား စာပေတစ်သက်တာ ဆုရစာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)အား ဆုတံဆိပ်၊ ဂုဏ်ပြု ချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅)ကြိမ်မြောက်ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင်တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင်**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”**ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”**ကို **“စာပေဗိမာန်ဆု”**၊ **“အနုပညာစာပေဆိုင်ရာဆု”**၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့်ဘာသာရပ်များ၊ဆုငွေများကိုလည်း အခါအားလျော်စွာ တိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့်ဘာသာရပ် ၁၉ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ ကောင်းမွန်သည့်လက်ရာစာမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရန်ရည်ရွယ်ပြီး**“စာပေဗိမာန်စာမူဆု”**ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင်ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်သက်တာလုံး စာအုပ်စာပေများအား ထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသည့်အနေဖြင့်**“အမျိုးသားစာပေတစ်သက်တာဆု”**ကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက်သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅မျိုးကိုရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကိုကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့်စာနာစိတ်ထားများပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင်ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ တစ်နှစ်လျှင် တစ်ဦးသာချီးမြှင့်ပြီး နောက်ပိုင်းတွင် တစ်နှစ်ကို နှစ်ဦး၊ သုံးဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊မိမိတို့တာဝန်ယူခဲ့သည့်ကာလတွင် တစ်နှစ်လျှင် လေးဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး ခြောက်ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊စာပေပညာရှင်ကြီးများအားလုံးကို

**စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည်ဆုရ စာရေးဆရာကြည်မင်းဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ၂၀၂၃ ခုနှစ်အမျိုးသားစာပေဆု ကလေးစာပေဆုရ ဆရာပုလောစိုးနဲ့သာအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ၂၀၂၃ ခုနှစ် အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ ဆရာနေဇင်လတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ပထမဆုရ ဆရာညိမ်းညိုအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ ဆရာခက်လှိုင်းကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ )ဒုတိယဆုရ ဆရာ ဒေါက်တာကောင်းစံအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေပထမဆုရ ဆရာကနောင်နိုင်နွယ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေ ပထမဆုရ ဆရာကိုတိုး(ရန်ကင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)က ကျေးဇူးတင်စကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အမျိုးသား စာပေတစ်သက်တာ ဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏ အားသည် အလွန်အရေးပါပြီး ကောင်းကျိုးများစွာရရှိနိုင်မည်ဟုလည်းယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှအားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့် စာပေလောက အကျိုးကို ဖြည့်ဆည်းပေးမည့် **"စာဆိုဗိမာန်"**အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာအုပ်စာပေ ထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှုအပြန်အလှန် ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံးမျှော်မှန်းထားသည့် ငြိမ်းချမ်းရေး ပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်း။

**အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များရှိရန် လိုအပ်**ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမီးကြရမည်ဖြစ်ကြောင်း။

စာအုပ်စာပေ ဟူသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်ကထုတ်ဝေခဲ့သည့် **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

စာမျက်နှာ ၁၈ မှအဆက်

စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန်အတွက် ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြား ပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန် လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများ လိုလားချက်နှင့်အညီ တည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းများအောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန်တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ်ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကိုထိန်းသိမ်းပြီး ခေတ်ကိုထင်ဟပ်စေသည့်၊ အမျိုးဘာသာသာသနာကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

**မျိုးဆက်သစ်ကလောင်ရှင်များကလည်း စာပေဆိုင်ရာ ကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကိုထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှုအရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆို. . .**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၃ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာမင်းတင်မွန်(ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီးဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)နှင့် စာပေပညာရှင် ဆရာကြီးဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင်-ဆရာကြီး ဦးကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက **"စာပေစေတနာ စာပေဆန္ဒ"** ယိမ်းအကဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"စာပေဂုဏ်ရောင် ထွန်းပြောင်တန်ဆောင်ဆီမီး"** ကဇာတ်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြစဉ်။

☆ ကျောဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ကို အခမ်းအနားတက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

(၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။



# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ Lumbini Buddhist University ၌ ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး လုမ္ဗိနီဥယျာဉ်ရှိ မြန်မာရွှေကျောင်းတော်နှင့် ခတ္တမန္ဒူမြို့ရှိ ဘာသာရေးဆိုင်ရာနေရာများသို့ သွားရောက်



**ခတ္တမန္ဒူ ဒီဇင်ဘာ ၁**

နီပေါနိုင်ငံဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် နီပေါနိုင်ငံသို့ ကြွရောက်လာသည့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရသည် လုမ္ဗိနီတွင် သီတင်းသုံးနေစဉ်ကာလအတွင်း နိုဝင်ဘာ ၃၀ ရက်က လုမ္ဗိနီဥယျာဉ်အတွင်းရှိ မယ်တော်မာယာကျောင်းဝင်းအတွင်းသို့ သွားရောက်သည်။

ထို့နောက် မြန်မာအစိုးရနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းတည်ထားကိုးကွယ်သည့် မြန်မာရွှေကျောင်းတော်သို့ သွားရောက်ပြီး မြန်မာရွှေကျောင်းပရိဝုဏ်အတွင်း ရွှေတိဂုံစေတီတော်ပုံတူတည်ထားကိုးကွယ်သည့် လောကမဏိစူဠာစေတီတော်အား သွားရောက်ဖူးမြော်ကာ စေတီတော်ဝင်းအတွင်း ဆရာတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းတည်ဆောက်ထားသည့် အာသောကကျောက်စာတိုင်များ ချို့ယွင်းနေမှုများကို ပြင်ဆင်ရန်ကိစ္စရပ်များနှင့် စေတီတော်ကြီးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များ၊ မြန်မာရွှေကျောင်းတော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ရေးနှင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာ တည်းခိုနိုင်ရေးကိစ္စရပ်များ စီစဉ်ထားရှိမှုများနှင့်ပတ်သက်၍ တင်ပြလျှောက်ထားမှုများအပေါ် လိုအပ်သည်များ မိန့်ကြားသည်။

လောကမဏိစူဠာ စေတီတော်သည် ၁၉၉၅ ခုနှစ် မေလတွင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ မြန်မာနိုင်ငံ၏ ပထမဆုံး သာသနိကအဆောက်အအုံ အလှူအဖြစ် မြန်မာနိုင်ငံတော်အစိုးရနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လှူဒါန်းမှုဖြင့် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်ပုံတူ ဉာဏ်တော် ၇၂ ပေရှိသည့် စေတီတော်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် Thousands of Buddha Temple ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဖိတ်မှုအရ သွားရောက်ရာ Thousands of Buddha Temple ကျောင်းထိုင်ဆရာတော်၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများက ကြိုဆိုကြပြီး သီတဂူဆရာတော်ကြီးက ဓမ္မမိတ်ဆွေများအား ဝိပဿနာတရားတော်များ ဟောကြားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးသည် Lumbini Buddhist University ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (International Seminar on Exploring Gautam Buddha's Teachings on Peacekeeping and Sustainable Development)သို့ တက်ရောက်ပြီး ငြိမ်းချမ်းရေး၏အရေးကြီးပုံ၊ ငြိမ်းချမ်းရေးသည် တစ်ကမ္ဘာလုံးအတွက်အရေးကြီးသကဲ့သို့ လူတစ်ဦးချင်းစီအတွက်ကလည်း ပိုမိုအရေးပါကြောင်း မိန့်ကြားသည်။

ယနေ့တွင် ဆရာတော်ကြီးနှင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ရရှိသူ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ (ခေါ်) သမီးချစ်တို့အား မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက သီတဂူ Dharma Kirti Vihar ကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက လိုက်ပါပို့ဆောင်ကြသည်။

သီတဂူဆရာတော်ကြီးသည် ခတ္တမန္ဒူမြို့ရှိ World Peace Temple ကျောင်းတွင် သီတင်းသုံးနေသည့် သံဃာတော်များအတွက် သင်္ကန်းအစုံ ၁၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာရှာလ်ဘန်း ကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H. E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် သီတဂူကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ အားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ် အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ် စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း အသီးသီးကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

# တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် အခမ်းအနား တက်ရောက်လာကြသူများက တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များ အတွက် (၁၁)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့်အလေးပြုခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးတို့က တိုင်းပြည်အတွက် အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းဖြင့် ဂါရဝပြုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များကို အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို (၁၁)ကြိမ်မြောက်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရောင်နီဦးနှင့်မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်ကိုချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် အခမ်းအနား တက်ရောက်လာကြသူများက သူရဲကောင်းစစ်သည်များ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များကို လွှတ်ပေးစဉ်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့်အလေးပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တိုင်းပြည်အတွက်အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း သူရဲကောင်းစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မဝ၁)



(၁၁)ကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနား တက်ရောက်လာကြသူများက တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအား အလေးပြုစဉ်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် Website နှင့် Mobile Application လွှင့်တင်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဦးတည်ချက် ငါးရပ်ဖြင့် ဒီဇင်ဘာ ၂ ရက်မှ ၂၀ ရက်ထိ နေပြည်တော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ် နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဆိုင်ရာ သမိုင်းကြောင်းများ၊ အားကစားနည်းအလိုက် သမိုင်းကြောင်းများ၊ ပြိုင်ပွဲ ပွဲစဉ်ဇယားများ၊ ပြိုင်ပွဲရလဒ်များ၊ သတင်းများ၊ ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် Website (https://www.thefifthnationalsports.gov.mm/) နှင့် Mobile Application တို့ကို ယနေ့မှစတင်၍ လွှင့်တင်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း “ဖန်ဂယ်လ်” အားကောင်းသော မုန်တိုင်းငယ်အဖြစ် အားလျော့သွားပြီဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း“ဖန်ဂယ်လ်”(FENGAL)သည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှဖြတ်ကျော်ခဲ့ကာ အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်ကုန်းတွင်းပိုင်းဒေသများကိုဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး\ဇလ)**







# ၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းနှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မွန်းတိုင်းဟန်လီ (ရှမ်းပြည်နယ်အလှ)၊ ခေးဆေလိုင်း (ရှမ်းရိုးရာ)သီချင်းဖြင့် အဖွင့်သီချင်း သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ရှမ်းနှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေး ကော်မတီနာယကတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် မိတ်ဆုံစားပွဲအတွက် အလှူငွေများ အသီးသီးပေးအပ်ပြီး တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဥ၀၁)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၃၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၃၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြံခင်းမြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့မွန်းလွဲ ၂ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်အချိန်တွင် တောင်ငူ မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကြံခင်းမြို့၏အနောက်-အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ကီလိုမီတာ ၅၀ ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လျှပ်စစ်မီတာခသက်သာဖို့
LED မီးသုံးကြစို့။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဖျာပုံမြစ်ဝအနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် သောင်တင်၍ရေဝင်နစ်မြုပ်နေသော ငါးဖမ်းလှေတစ်စီးကို တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်က ကူညီကယ်ဆယ်

**နေပြည်တော် ဒီဇင်ဘာ ၁**

တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဧရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်၌ ဖျာပုံမြစ်ဝအနောက်တောင်ဘက်၂၅ မိုင်ခန့်အကွာတွင် ငါးဖမ်းလှေတစ်စီးသောင်တင်၍ ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့် သွားရောက်ခဲ့ရာ ဖျာပုံမြို့မှ ရန်ကုန်သို့ထွက်ခွာလာသော မြမျိုးလွင်(၉)အမည်ရှိ လှေသား ၁၉ ဦးပါ ဒရွတ်ဆွဲငါးဖမ်းလှေသည် ရုတ်တရက်လှိုင်းလေပြင်းထန်ကာ သောင်တင်မှုဖြစ်ခဲ့ခြင်းကြောင့် ရေယာဉ်ဝမ်းဗိုက်အတွင်း ရေဝင်မှုများဖြစ်ပေါ်ကာ လှေတစ်ဝက်မှာ နစ်မြုပ်နေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရရှိသည့် လှေသားများကို စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးဆောင်ရွက်ထားသည့် ငါးဖမ်းလှေမှ လှေသားများကို နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် လှေပိုင်ရှင်ဖြစ်သူထံသို့စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ (ဗ၀၁)

တာဝန်ရှိသူများက လှေသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသား ရှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



(ဝဲမှယာ) တရားခံ ခင်မောင်ထိုက်(ခ)ကုလား၊ သီဟ၊ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်၊ မျိုးဦး(ခ)ဝေယံ၊ မျိုးမင်းထက်၊ မိုးနှင်းလျှံ(ခ)ဘဦးတို့ကို သက်သေခံပစ္စည်းများအတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်းဝင်ရောက်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများ ဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်အချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ဖုန်းနှင့် ငွေကြေးများခြောက်လှန့်တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ) တာလေ ၂၈ နှစ်နှင့် သီဟ ၄၄ နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ) ဘဦး ၃၀ နှစ်နှင့် မျိုးဦး(ခ)ဝေယံ ၃၁ နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင်(ခ)အရှည်ကြီး ၂၇ နှစ်နှင့် ဝင်းသက်အောင်(ခ)ဝင်းမင်းသန့် ၃၄ နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက်(ခ) ကုလား ၂၅ နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက် ၂၈ နှစ်တို့ ရှစ်ဦးကို ၎င်းတို့၏နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Alphard အမျိုးအစား အဖြူရောင် မော်တော်ယာဉ် တစ်စီး၊ M16 ပုံစံတူ (Air Gun)တစ်လက်၊ ပစ္စတိုသေနတ်အတု(Air Gun) တစ်လက်၊ ပြောက်ကျားဦးထုပ် တစ်လုံး၊ပြောက်ကျားယူနီဖောင်း နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ) တာလေပါ ရှစ်ဦးတို့ကို စစ်ဆေးပေါ်ပေါက်ချက်များအရ ယခုနှစ် စက်တင်ဘာလအတွင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အငှားနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ဖမ်းဆီးရန်ကျန် တရားခံမဲကြီးတို့ လေးဦးက ဖုန်းမျိုးစုံ နှစ်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်ကိုလည်းကောင်း၊ အောက်တိုဘာလအတွင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံဇော်ဖြိုးလွင်(ခ) တာလေ၊သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ)ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး (ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန် တရားခံမဲကြီးတို့ ခြောက်ဦးက ဖုန်းမျိုးစုံ ခြောက်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်ကိုလည်းကောင်း၊ တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ခုနစ်လုံးနှင့် ထိုင်းဘတ်ငွေ ၁၄၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ မိုးနှင်းလျှံ(ခ)ဘဦး၊ ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန် တရားခံမဲကြီးတို့ လေးဦးက ဖုန်းမျိုးစုံ ငါးလုံးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ ခန့်ကိုလည်းကောင်း၊ နိုဝင်ဘာလအတွင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလားတို့ လေးဦးက ဖုန်းမျိုးစုံ လေးလုံးနှင့် ထိုင်းဘတ်ငွေ ၁၂၀၀၀ ခန့်ကိုလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများ ဝတ်ဆင်ပြီး M16 ပုံစံတူ(AirGun) တစ်လက်၊ ပစ္စတိုသေနတ်(AirGun) တစ်လက်နှင့် ဝင်းသက်အောင်ပိုင်ဆိုင်သည့် Alphard အဖြူရောင် မော်တော်ယာဉ်တို့ကိုအသုံးပြု၍ လုံခြုံရေးအရဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့်ထိုင်းဘတ်ငွေ ၇၃၀၀၀ တို့ကို ငါးကြိမ်တိတိ ခြောက်လှန့်တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့် တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန် တရားခံမဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ယူနီဖောင်းများဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံ ခြောက်ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့်ငွေကြေးများကို သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များကဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများကိုခြောက်လှန့်တောင်းယူခဲ့ကြသူ ဖမ်းဆီးရမိတရားခံဇော်ဖြိုးလွင်(ခ)တာလေပါ ရှစ်ဦးကို သက်ဆိုင်ရာ ရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများအသီးသီးရေးဖွင့်ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံမဲကြီးကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏လှုပ်ရှားသွားလာမှုများကိုသိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံအသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (ဗ၀၁)



တရားခံများအသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၂၀၇၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကသာ ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမိုးစပါးဧက၂၀၇၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိဧက၂၀၇၀၀ ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၈၈ ဒသမ ၉၀ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ မိုးစပါးဧက ၃၈၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးထားတဲ့မိုးစပါး စိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့လဲ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း ကသာခရိုင်စိုက်ပျိုးရေး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ရမည်းသင်း ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက သပြေပင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက သပြေပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သိန်းသိန်းအေးနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် တက်ရောက်လာသော မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သပြေပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေး ခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်ကျော်ဆန်းက ပြောပြ၍ သိရသည်။

ချိုသန်းညွန့်

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းနေ

မအူပင် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ဘက်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး နိုဝင်ဘာလတတိယပတ်က တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၂၀၀ မှ ၃၀၀ ထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နိုဝင်ဘာလ စတုတ္ထပတ်မှ ယနေ့ထိ ကြက်သွန်နီ ပိဿာချိန် ၅၀၀ မှ ၇၀၀ ထိ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

''ရှမ်းပြည်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ် ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့ သိရပါတယ်။အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ အခြားဒေသတွေကနေ ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီ တင်ပို့တာလဲနည်းတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးကလဲ သင့်တင့်တယ်လို့ပြောရမယ်။ ပိဿာချိန် တော်တော်များများ အရောင်းအဝယ် ဖြစ်နေတယ်။ တစ်ရက်ကို ပိဿာချိန် ၁၅၀ နဲ့ အထက်မှာပဲ အရောင်းအဝယ် ဖြစ်နေပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြူက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ ကြက်သွန်နီပိဿာချိန် ၁၀၀ လျှင် အရည်အသွေးအရ ငွေကျပ် ၃၉၀၀၀၀ မှ ၅၈၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ကြက်သွန်နီများ အရောင်းအဝယ် ကောင်းနေခြင်းကြောင့် ကြက်သွန်နီစိုက်သူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းစွာ လုပ်ကိုင်လျက်ကြောင်း သိရသည်။

ကျော်ကျော်လင်း

## တိုင်းပြည်အားထား လူငယ်များ

\- တို့တိုင်းပြည် တိုးတက်လမ်းမှာ
ဝန်ထမ်းကြ လူငယ်တွေ၊
လမ်းမှန်ဆို တကယ်ကြမ်းလည်း
လျှောက်လှမ်းကြလေ၊
ပညာများ သင်ကြားစေ
မေတ္တာဝေ ဖြူစင်စိတ်ထား၊
ကောင်းကျိုးတွေ ပေးစွမ်းလို့သာ
အေးချမ်းစေသား။

\- ညီညာစွာ လက်တွေတွဲထား
ကွဲပြားကြ ကဏ္ဍစုံလင်၊
ပါဝင်ကာ တာဝန်ထမ်းလို့
လန်းဆန်းစိတ်ရွှင်၊
အရောင်အသွေး အစုံပင်
အမြဲစဉ် ညီညွတ်လို့ထား၊
တို့မြန်ပြည် စည်ပင်ဖြိုးအောင်
ကျိုးဆောင်စေသား။

\- နိုင်ငံတော် တိုးတက်ရေး
အလေးပေး ပါဝင်ကာ၊
စည်းကမ်းကို အရေးထားလို့
လေးစားကြပါ၊
မူးယစ်ဆေး ရှောင်ရှားကာ
လူငယ်များမှာ သတိထား၊
တိုင်းပြည်နေ ပြည်သူများတွက်
အားဖြစ်စေသား။

ခင်မောင်မြင့်

# မိုင်းကိုင်မြို့နယ် နမ့်ပါရန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်းများ စစ်ဆေး

လွိုင်လင် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ပါရန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၃၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့်တာဝန်ရှိသူများက စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိမရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ၊ အသင်းသား ၄၇ ဦးကိုရန်ပုံငွေကျပ်သိန်း ၄၇၀ ထုတ်ချေးပေးထားကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းထံမှ သိရသည်။

မောင်ခိုင်

# ပြည်သူအားလုံးနွှဲပျော်အမျိုးသားအားကစားပွဲတော်

"တို့မြန်မာဂုဏ်ဆောင် အားကစားသမားများသည်၊ အမိနိုင်ငံတော်ကို ကျေးဇူးဆပ်ရမည်၊ မျိုးဆက်သစ်တို့ အားမာန်ဝင့်ကာချီ" သံစဉ်စာသားပါ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်ဆိုတဲ့သီချင်းဟာ ယနေ့တိုင် ကျော်ကြားတဲ့သီချင်းဖြစ်ပြီး သဟာအောင်ကရေးသားခဲ့ရာ တေးသံရှင်အတော်များများက သီဆိုကြပါတယ်။ မြန်မာအားကစားသမားတွေဟာ တိုင်းပြည်ရဲ့ဂုဏ်ကိုဆောင်နေသူတွေဖြစ်ကြတယ်။ မိမိတတ်ကျွမ်းတဲ့အားကစားနဲ့ နိုင်ငံတော်ကိုကျေးဇူးဆပ်ရပါမယ်။ မျိုးဆက်သစ်အားကစားသမားတွေဟာ အားမာန်အပြည့်နဲ့ အားကစားလောကမှာ ဆက်လက်ရှိနေပါအုံးမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ အားကစားဆိုတဲ့စကားမှာ အားဆိုတာ စွမ်းအင်ကိုခေါ်ဆိုပြီး ကစားဆိုတာက ကိုယ်လက်လှုပ်ရှားပျော်ပါးသည်ကို ခေါ်ဆိုကြောင်း မြန်မာအဘိဓာန်မှာဖော်ပြထားပါတယ်။ ဒါကြောင့် အားကစားဟာ ကိုယ်လက်လှုပ်ရှားရတဲ့စွမ်းအင်ဖြစ်ပါတယ်။ အားကစားမှာ စနစ်ကျတဲ့နည်းဗျူဟာရှိပြီး ကျွမ်းကျင်မှုရှိရပါမယ်။ သေချာရေရာတဲ့ ပန်းတိုင်လဲရှိရပါမယ်။ ယှဉ်ပြိုင်ရာမှာ ဓမ္မဓိဋ္ဌာန်ကျကျနဲ့ အနိုင်ရသူကိုရွေးချယ်ပေးရပါမယ်။

စွမ်းရည်ထက်မြက်တဲ့ အားကစားသမားတွေပေါ်ထွန်းလာခြင်းဟာ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုတစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံသူနိုင်ငံသားတွေဟာ အားကစားကို လိုက်စားကြရင် ကျန်းမာကြံ့ခိုင်သူတွေဖြစ်လာကြမှာပါ။ ကျန်းမာကြံ့ခိုင်မှသာ ကာယစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ နိုင်ငံတော်အကျိုးကို ဆထက်တိုးပြီး ထမ်းဆောင်နိုင်ကြပါလိမ့်မယ်။ အားကစားအရာမှာ ထူးချွန်တဲ့နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်ရှိလှပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့အားကစားအောင်မြင်မှုက အဲဒီနိုင်ငံရဲ့ လူမှုအဆင့်အတန်းမြင့်မားမှုကိုပြသနေပါတယ်။ ဒါကြောင့်မို့ စာရေးသူတို့နိုင်ငံမှာ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်ကနေ ၂၀ ရက်ထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးဟာ သာမန်အားကစားပွဲမဟုတ်ဘဲ မြန်မာနိုင်ငံရှိဝန်ကြီးဌာနတွေက အားကစားအသင်းတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေက အားကစားအသင်းတွေ ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံတော်အဆင့်အမျိုးသားအားကစားပြိုင်ပွဲကြီးဖြစ်ပါတယ်။ အမျိုးသားရေးဆိုတာ မိမိဒေသ၊ လူမျိုး၊ ယဉ်ကျေးမှုနဲ့ ဘာသာရေးတွေမှာ စည်းလုံးညီညွတ်ပြီး တန်ဖိုးထားမှုကိုခေါ်ဆိုပါတယ်။ အခုအားကစားပွဲတော်ကြီးမှာ ဒေသအသီးသီးက တိုင်းရင်းသားညီအစ်ကို မောင်နှမတွေဟာ ချစ်ခင်ရင်းနှီးစွာလာရောက်ကြမှာဖြစ်လို့ အနှစ်သာရရှိတဲ့ အမျိုးသားရေးအားကစားပွဲတော်ကြီးဖြစ်ပါတယ်။ နောက်ပြီး အားကစားအရာမှာ ယှဉ်ပြိုင်အားကစား၊ ရိုးရာအားကစားနဲ့ လူထုအားကစားဆိုပြီး သုံးမျိုးရှိပါတယ်။ အခုကျင်းပမဲ့ အားကစားပွဲတော်ကြီးမှာ ရိုးရာခြင်းလုံးပါဝင်တာကြောင့် ရိုးရာအားကစားနည်းမှာ အကျုံးဝင်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲမှာဖြစ်လို့ လူထုအားကစားနည်းနဲ့လဲ သက်ဆိုင်နေပါတယ်။

မြန်မာနိုင်ငံ အမျိုးသားအားကစားပွဲတော်ကြီးတွေရဲ့သမိုင်းကြောင်းကို ဖော်ပြရမယ်ဆိုရင် ပထမဆုံးအကြိမ်ကို ၁၉၉၂ ခုနှစ် မေ ၃ ရက်ကနေ ၁၆ရက်ထိ ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဝန်ကြီးဌာနနဲ့ပြည်နယ်တိုင်းအဆင့်၊ တိုင်းတပ်မဌာနချုပ်နဲ့ တက္ကသိုလ်အဆင့်၊ တိုင်းနဲ့ ပြည်နယ်အခြေခံကျောင်းသားများအဆင့်ဆိုပြီး အဆင့် (၃) ဆင့်ရှိကာ အားကစားနည်း၂၂ မျိုးထည့်သွင်းခဲ့ပါတယ်။ အသင်း

> **❖မြန်မာနိုင်ငံမှာ အခုလို အမျိုးသားအားကစားပွဲတော်ကျင်းပတာဟာ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နဲ့ အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလဲ တိုးတက်စေပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိခဲ့ရင် မြန်မာဆိုတဲ့ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ကိုလဲ ခိုင်မာစေပါတယ်။ ခေတ်မီတိုးတက်တဲ့ အားကစားနည်းစနစ်အသစ်တွေကိုလဲ တတ်မြောက်စေပါတယ်။ အနယ်နယ်အရပ်ရပ်မှာ ပျံ့နှံ့နေတဲ့ရှက်ပုန်းသီးအားကစားသမားလေးတွေဟာ အားကစားလောကထဲကို ဝင်ဆံ့လာကြမှာဖြစ်ပါတယ်။ ❖**

ပေါင်း ၇၂ သင်းနဲ့ ပြိုင်ပွဲဝင်ကစားသမား ၁၀၁၂၉ ယောက် ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်ကနေ ဖေဖော်ဝါရီ ၆ ရက်ထိ ရန်ကုန်မြို့မှာပဲ ကျင်းပခဲ့ပါတယ်။ ဝန်ကြီးဌာနနဲ့ ပြည်နယ်တိုင်းအဆင့်တို့မှာအားကစားနည်း ၂၄ မျိုး၊ ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀ နဲ့ ပြိုင်ပွဲဝင်ကစားသမား ၈၇၀၄ ယောက် ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်ကနေ ၂၄ ရက်ထိ ရန်ကုန်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ အားကစားနည်း ၂၉ မျိုး၊ ပြိုင်ပွဲဝင်အသင်း ၅၅ သင်းနဲ့ ပြိုင်ပွဲဝင်ကစားသမား ၁၁၃၇၅ ယောက်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကနေ ၂၈ ရက်ထိ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အလွတ်တန်းအဆင့်တစ်မျိုးတည်းမှာ အားကစားနည်း ၂၇ မျိုးနဲ့ မသန်စွမ်းအားကစားနည်း လေးမျိုးထည့်သွင်းခဲ့ပါတယ်။ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းနဲ့ ကစားသမား ၄၃၆၁ ယောက် ပါဝင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးရဲ့ ထူးခြားချက်မှာ မသန်စွမ်းအားကစားထည့်သွင်းမှုဖြစ်ပါတယ်။ ဒ့ါပြင် နိုင်ငံတကာအဆင့် ပြိုင်ပွဲတွေမှာ ဆုတံဆိပ်ရရှိခဲ့တဲ့ အားကစားသမားတွေကို ဆုကြေးငွေ ထိုက်ထိုက်တန်တန်ပေးအပ်ခဲ့ပါတယ်။ အားကစားသမားဟောင်းကြီးတွေကိုလဲ လစဉ်ထောက်ပံ့ကြေးနဲ့ဘွဲ့ထူးဂုဏ်ထူးတွေပေးအပ်ခဲ့ပါတယ်။ စတုတ္ထအကြိမ်မှာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယနဲ့ ပဲခူးတိုင်းဒေသကြီးက တတိယဆုရရှိခဲ့ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ရွှေခေတ်မြန်မာ့ဘောလုံးသမားဟောင်းကြီးတွေရဲ့ အကြောင်းကို တင်ပြချင်ပါသေးတယ်။ ဦးတင်ဟန်ဟာ ၂၀၀၂ ခုနှစ် အာဆီယံယူ-၁၆ပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ် အာဆီယံ ယူ-၁၈ပြိုင်ပွဲနဲ့ ၂၀၁၄ ခုနှစ် ဘင်းစတက်နိုင်ငံများ ယူ-၁၈ ပြိုင်ပွဲတွေမှာ ချန်ပီယံဆုရရှိခဲ့ပါတယ်။ ဦးခင်မောင်တင့်ဟာ ၂၀၀၅ ခုနှစ် အာဆီယံယူ-၁၇ ပြိုင်ပွဲမှာ ချန်ပီယံဆုရခဲ့ပါတယ်။ ဒေါ်ခင်ခင်ထွေးဟာ ပြေးခုန်ပစ်အားကစားမှာ ဆီးဂိမ်းရွှေဆုအပါအဝင် ရွှေတံဆိပ်၂၈ ခုရခဲ့ကြောင်း သိရှိရပါတယ်။

အခုပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကျင်းပရခြင်းရဲ့ရည်ရွယ်ချက်တွေဟာ နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်တို့ဖြစ်ပါတယ်။ ဝန်ကြီးဌာနအဆင့်မှာ အားကစားနည်း ခြောက်နည်း၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်မှာ၂၃ နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းနဲ့ကျင်းပမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကစားသမား အယောက် ၁၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကြီးနဲ့ပတ်သက်လို့ မီဒီယာတွေရဲ့ တင်ဆက်ပေးမှုကြောင့် ပြည်သူတွေမှာလဲ သိရှိကြပြီးဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကလဲ စနစ်တကျစီစဉ်ဆောင်ရွက်နေပါတယ်။ ဖွင့်ပွဲ၊ ပိတ်ပွဲတွေမှာ ပြည်နယ်၊ တိုင်းဒေသကြီးအလံတွေနဲ့ အမျိုးသားအားကစားပွဲတော်အလံကို FreeFall စနစ်နဲ့ ကွင်းအတွင်းသယ်ဆောင်ကာ သရုပ်ဖော်အကအလှတွေ ပါဝင်မှာဖြစ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာပြကွက်နဲ့ မီးရှူးမီးပန်းအလှဆင်ပစ်ဖောက်တာတွေကိုလဲ ထည့်သွင်းထားပါတယ်။ နိုင်ငံတော်က အားကစားထူးချွန်သူတွေကို ဆုတံဆိပ်၊ ချီးမြှင့်ငွေတို့နဲ့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးအပ်မှာဖြစ်ပြီး ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးရဲ့ ထူးခြားချက်ကတော့ ထူးချွန်တဲ့သူဟာ ဝန်ထမ်းဖြစ်မယ်ဆိုရင် ရာထူးတိုးပေးမှာဖြစ်ကြောင်းနဲ့ အလုပ်အကိုင်လိုအပ်သူဖြစ်မယ်ဆိုရင်လဲ အလုပ်ခန့်ထားပေးမှာဖြစ်ကြောင်း သိရှိရပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မြန်မာနိုင်ငံမှာ အခုလို အမျိုးသားအားကစားပွဲတော်ကျင်းပတာဟာ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နဲ့ အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုလဲ တိုးတက်စေပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိခဲ့ရင် မြန်မာဆိုတဲ့ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ကိုလဲ ခိုင်မာစေပါတယ်။ ခေတ်မီတိုးတက်တဲ့အားကစားနည်းစနစ်အသစ်တွေကိုလဲ တတ်မြောက်စေပါတယ်။ အနယ်နယ်အရပ်ရပ်မှာ ပျံ့နှံ့နေတဲ့ရှက်ပုန်းသီးအားကစားသမားလေးတွေဟာ အားကစားလောကထဲကို ဝင်ဆံ့လာကြမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူအပေါင်းက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ပူးပေါင်းပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **https://www.moi.gov.mm/article/64319**

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ချောင်းဦး ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက် ၃၅၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချောင်းဦးမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက် မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက် သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

(၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၈၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၈၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ထောပတ်ပဲ ဧက ၄၄၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၉၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၆၈၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၉၆၆ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၈၀၆ ဧက စုစုပေါင်း ၂၈၅၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၅၄၄ ဧက၊ ခင်ဦးမြို့နယ်တွင် ၆၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၂၂၆၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ဧက ၄၄၆၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် ထောပတ်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပင်းတယမြို့နယ် လေထိုးကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်မှု စစ်ဆေး

ပင်းတယ ဒီဇင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် လေထိုးကုန်းကျေးရွာ၌ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လေထိုးကုန်းကျေးရွာ၌ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလေထိုးကုန်းကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၉၃ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

## ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းရှိရွာများတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၇ ဦးထိရှိလာပြီး ၁၁၃ ဦးပျောက်ဆုံးနေ



**ကမ်ပါလာ ဒီဇင်ဘာ ၁**

ယူဂန်ဒါနိုင်ငံ အရှေ့ပိုင်းရှိ ရွာများတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၇ ဦးထိ ရှိလာကာ ၁၁၃ ဦး ပျောက်ဆုံးနေကြောင်း ဒေသအာဏာပိုင်များက နိုဝင်ဘာ ၂၉ ရက်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြေပြိုမှုကြောင့် ဒဏ်ရာရရှိသူ ၁၅ ဦးကို ကယ်ဆယ်ခဲ့ပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ ပို့ဆောင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများလည်းရှိသဖြင့် သေဆုံးသူဦးရေ ထပ်တိုးလာနိုင်ကြောင်း၊ လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့ အရှေ့ဘက် ကီလိုမီတာ ၂၈၀ အကွာ ဘူလမ်ဘူလီတောင်တန်း ခရိုင်တွင် မိုးသည်းစွာရွာသွန်းပြီး အဆိုပါဒေသရှိ ရွာခြောက်ရွာတွင် မြေပြိုမှု ဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုကြောင့် အိမ်ခြေ ၄၀ ကျော်နစ်မြုပ်ခဲ့ပြီး ရွှံ့နွံများကြား ပိတ်မိသေဆုံးနေသော ရုပ်အလောင်း ၁၇လောင်းကို ဆယ်ယူရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ယူဂန်ဒါကြက်ခြေနီအသင်းမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဒေသဆိုင်ရာ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီရန် တူးဖော်ရန် မြေတူးစက်များ ပံ့ပိုးပေးထားသော်လည်း ခရီးမတွင် ဖြစ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## ဂရိနိုင်ငံမြောက်ပိုင်းအိုင်ဂျင်းန်ကျွန်းစု၏ ကျွန်းငယ်လင်းမ်နို့စ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခဲ့

**အေသင် ဒီဇင်ဘာ ၁**

ဂရိနိုင်ငံမြောက်ပိုင်း အိုင်ဂျင်းန်ကျွန်းစု၏ ကျွန်းငယ် လင်းမ်နို့စ်တွင် နိုဝင်ဘာ ၃၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးမှု ဖြစ်ပေါ်ခဲ့ကြောင်း ကျွန်းအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လင်းမ်နို့စ်ကျွန်းငယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အသက် ၅၇ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းသည် ကားမောင်းနေစဉ် ရုတ်တရက်ရေစီးနှင့် မျောပါသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ ရုပ်အလောင်းကို ရွှံ့နွံများကြားထဲတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လက်ရှိတွင် ကျွန်းပေါ်ရှိရေမြုပ်နေသော အဆောက်အအုံများမှ ရေများကို စုပ်ထုတ်ရန် မီးသတ်တပ်ဖွဲ့က ဆောင်ရွက်နေကြောင်း၊ ကြီးကြီးမားမား ထိခိုက်ပျက်စီးမှု မရှိဟု မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂရိနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးမုန်တိုင်းများနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ ယခုသီတင်းပတ်အကုန်တွင်ဖြစ်နိုင်ကြောင်း ဂရိနိုင်ငံ၏ အရပ်ဘက်ကာကွယ်ရေးဝန်ဆောင်မှုက ပြည်သူများကို သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ရေဘေးဒဏ်သင့်ပြည်နယ်နှစ်ခုတွင် ပြန်လည်ထူထောင်ရေးအတွက် ဘတ် ၁၉ ဘီလီယံထိအသုံးပြုမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ရုံးက ထုတ်ပြန်

**ဗန်ကောက် ဒီဇင်ဘာ ၁**

ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ်နှင့် ချင်းရိုင်ပြည်နယ်တို့တွင် အောက်တိုဘာလက ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး အခြေခံအဆောက်အအုံ အမြောက်အမြား၊ လူနေအိမ်ခြေများလည်းပျက်စီးခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဘတ် ၁၉ ဘီလီယံထိ အသုံးပြုသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ရုံးမှ နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

လူမှုအဖွဲ့အစည်းနှင့် စီးပွားရေးကဏ္ဍအတွက် ရည်ရွယ်၍ ရေရှည်စီမံကိန်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းလွှတ်တော်ကလည်း ရေဘေးဒဏ်သင့် ချင်းမိုင်ပြည်နယ်နှင့် ချင်းရိုင်ပြည်နယ်တို့တွင် ဘတ် ၁၉ ဘီလီယံအသုံးပြုသွားမည့်ကိစ္စကို အတည်ပြုပေးခဲ့ပြီးဖြစ်သကဲ့သို့ ချင်းမိုင်ပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသည့် လမ်းများကို အဓိကပြုပြင်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဂျီရာက ပြောကြားသည်။

ချင်းမိုင်နှင့် ချင်းရိုင်ပြည်နယ်တွင် ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရမှုများကို စိစစ်ထားပြီးဖြစ်သကဲ့သို့ ထိုင်းလွှတ်တော်က ခွင့်ပြုပေးသည့် ဘတ် ၁၉ ဘီလီယံကိုလည်း ပြည်နယ်နှစ်ခုတွင် စီမံကိန်း ၃၉ ခုထိခွဲ၍ဆောင်ရွက်ကာ သုံးစွဲပေးသွားမည်ဖြစ်ကြောင်း၊ ရေစီးရေလာ ကောင်းစေရန်အတွက်လည်း ရေနုတ်မြောင်းစနစ်များကို ပြန်လည်ပြင်ဆင်ကာ အဆင့်မြှင့်တင်ပေးသွားမည် ဖြစ်ကြောင်းလည်း ဂျီရာယူက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs :Sai Sat



## ကင်မရွန်းနိုင်ငံမြောက်ဘက်ပိုင်းတွင် မိုးသက်လေပြင်းနှင့် ရေကြီးရေလျှံမှုကြောင့် လှေတစ်စီးတိမ်းမှောက်ပြီး ခရီးသည် ၁၈ ဦးသေဆုံး

**ရအွန်ဒီ ဒီဇင်ဘာ ၁**

ကင်မရွန်းနိုင်ငံ မြောက်ဘက်ပိုင်းဒါရက်ခ်ခရိုင်တွင် နိုဝင်ဘာ ၂၉ ရက်က မိုးသက်လေပြင်းနှင့် ရေကြီးရေလျှံမှုကြောင့် ခရီးသည်တင်လှေတစ်စီး တိမ်းမှောက်ကာ ခရီးသည် ၁၈ ဦး သေဆုံးခဲ့ကြောင်း ကင်မရွန်းအာဏာပိုင်အဖွဲ့ အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာမက်ဇာမာက ပြောကြားသွားခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဒါရက်ခ်ခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက ရေဘေးဒဏ်သင့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေး ဝန်ထမ်းတချို့က တိမ်းမှောက်ခဲ့သည့် လှေပေါ်မှ ကျန်ရှိနေသေးသည့်ခရီးသည်များကို ကယ်ဆယ်ရေးအတွက်အသက်ကယ်လှေများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သေဆုံးသူ ၁၈ ဦးအနက် ငါးဦးမှာ အမျိုးသမီးများဖြစ်ပြီး ၁၃ ဦးမှာ အမျိုးသားများဖြစ်ကြောင်း မာမက်ဇာမာက အတည်ပြုထုတ်ပြန်ခဲ့သည်။

"ခရီးသည်တင် လှေတစ်စီး တိမ်းမှောက်မှုကြောင့် အမျိုးသမီး ငါးယောက်နဲ့ အမျိုးသား ၁၃ ယောက်သေဆုံးခဲ့ပါတယ်။ လှေပေါ်မှာခရီးသည် ဘယ်နှယောက်ပါလာ သလဲဆိုတာတော့ အတည်မပြုနိုင်သေးပါဘူး" ဟု မာမက်ဇာမာက ပြောကြားခဲ့သည်။

ကင်မရွန်းနိုင်ငံတွင် လွန်ခဲ့သော နှစ်ပတ်ခန့်ကလည်း ခရီးသည် ဦးရေ ၃၀ တင်ဆောင်လာသည့် လှေတစ်စီးတိမ်းမှောက်ကာလေးဦးသေဆုံးပြီး ပျောက်ဆုံးနေသူ အများအပြားရှိခဲ့ကြောင်းလည်း မာမက်ဇာမာက ပြောကြားသွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချက်ရေကန်အတွင်း ရေလယ်ဗယ်မြင့်တက်ခဲ့ပြီး လေပြင်းပါ တိုက်ခတ်မှုကြောင့် လှေတိမ်းမှောက်ခဲ့ရခြင်းဖြစ်ပြီး မိုးသက်လေပြင်းကျရောက်စဉ် ခရီးသည်တင်လှေများ မထွက်ရန်အတွက် ကင်မရွန်းအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ဖိလစ်ပိုင်မုန်တိုင်းဒဏ်သင့်ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုအရ ဩစတြေးလျအစိုးရက ကန်ဒေါ်လာ ငါးသန်း ထောက်ပံ့ခဲ့

**မနီလာ ဒီဇင်ဘာ ၁**

ဖိလစ်ပိုင်အစိုးရက မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ ဩစတြေးလျအစိုးရကလည်း ဖိလစ်ပိုင်နိုင်ငံမှ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအရ အမေရိကန်ဒေါ်လာ ငါးသန်း လှူဒါန်းထောက်ပံ့ခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက်က ထုတ်ပြန်သွားခဲ့သည်ဟု နိုဝင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း တိုင်ဖွန်းမုန်တိုင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ ခြောက်ကြိမ်ထိ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၃၅၀ ထက် မနည်းရှိခဲ့သကဲ့သို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၇၀၀၀၀၀ ထက်မနည်းရှိခဲ့ကြောင်း၊ ဖိလစ်ပိုင်မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အပြင် အမေရိကန်နိုင်ငံကလည်း ကူညီထောက်ပံ့ပေးခဲ့သကဲ့ သို့ ပြည်တွင်း NGO အဖွဲ့အစည်း များ၊ နိုင်ငံတကာမှ NGO အဖွဲ့ အစည်းများကလည်း လှူဒါန်းထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

"ဖိလစ်ပိုင် ပြည်သူတွေဟာ သဘာဝဘေးအန္တရာယ်နဲ့ ဆက်တိုက်ဆိုသလို ရင်ဆိုင်ခဲ့ရတယ်။ ဩစတြေးလျနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ ပြည်သူတွေ အကူအညီလိုအပ်နေတဲ့အတွက် ဩစတြေးလျနိုင်ငံက မဟာမိတ်နိုင်ငံ တစ်နိုင်ငံအနေနဲ့ ကူညီထောက်ပံ့ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဖိလစ်ပိုင် သဘာဝဘေးဒဏ်သင့်ပြည်သူတွေ လိုအပ်တဲ့ အစားအသောက်၊ သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ဩစတြေးလျနိုင်ငံအနေနဲ့ အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပန်နီဝမ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်

မိုးအကုန် ပွင့်လင်းရာသီရောက်ချိန် တောမီးလောင်ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းတို့ကြောင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များဖြစ်ပေါ်လေ့ရှိရာ ဒေသခံပြည်သူများအပေါ် ကျန်းမာရေးအန္တရာယ်များကျရောက်စေနိုင်သည်။ အဆိုပါနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များသည် တောင်ယာမီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မီးခိုးမြူငွေ့တွင် အလွန်သေးငယ်သည့်အမှုန်အမွှားParticul ate Matter (PM 2.5 နှင့် PM 10)၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ အိုဇုန်း၊ ရေငွေ့နှင့်အခြားအဆိပ်အတောက်ဓာတ်ငွေ့များ ရောနှောပါဝင်နေသည်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များအစ အိမ်ထောင်စုများကဖြစ်ကြောင်း သတိရှိကြရမည်။ သစ်ရွက်များ ရွက်ဟောင်းကြွေသည့်အချိန်တွင် သစ်ရွက်ခြောက်များကို အလွယ်တကူမီးရှို့ဖျက်ဆီးမှုများပြုလုပ်လာကြသည်။ ထိုသို့သစ်ရွက်ခြောက်များကို မီးမြှိုက်ခြင်းမှ ထွက်ပေါ်လာသောမီးခိုးညှော်နံ့များက လေနှင့်အတူ လေသင့်ရာပါသွားပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။

လူတချို့သည် သစ်ရွက်များနှင့်အတူ စွန့်ပစ်အမှိုက်တို့ကိုပါထည့်၍ မီးရှို့ဖျက်ဆီးတတ်ကြသည်။ ထိုသို့အမှိုက်မီးရှို့ရာတွင် စွန့်ပစ်ပလတ်စတစ်များ၊ အဝတ်အထည်အဟောင်းအဆွေးများ ပါဝင်လာသဖြင့် မီးခိုးငွေ့များနှင့်အတူ အနံ့ဆိုးများပါထွက်ရှိလာသည်။ အမှန်စင်စစ် အမှိုက်စွန့်ပစ်ရာတွင် အမှိုက်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ကာ စွန့်ပစ်တတ်ရန်အရေးကြီးသည်။ သို့သော် လူတော်တော်များများက အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်ထားသည့်နေရာသို့ စနစ်တကျစွန့်ပစ်ရန် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့က မေတ္တာရပ်ခံထားသော်လည်း လိုက်နာမှုလွန်စွာအားနည်းနေဆဲဖြစ်သည်။

**လေထုညစ်ညမ်းခြင်းအဆင့်ဆင့်**

လေထုညစ်ညမ်းမှုသည် အထက်ဖော်ပြပါ သစ် ရွက်ခြောက်များနှင့် စွန့်ပစ်ပစ္စည်းများကို မဆင်မခြင်မီးရှို့ခြင်းကြောင့်အပြင် စက်ရုံအလုပ်ရုံမှ ထွက်ရှိသောမီးခိုးငွေ့များ၊ ကျောက်မှုန့်အပါအဝင် အမှုန်အမွှားများ၊ ယာဉ်မောင်းနှင်ရာမှ ထွက်ရှိသော ကာဗွန်ဓာတ်ငွေ့များ၊ စက်ရုံများ၏ စွန့်ပစ်အမှိုက်ပုံမှ ထွက်ရှိသော မီသိန်းဓာတ်ငွေ့များ စသည်တို့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်အခြားစီးပွားရေးဆိုင်ရာအသုံးပြုသည့်မီးစက်ကြီးများမှထွက်ရှိသောကာဗွန် ဓာတ်ငွေ့များက လေထုကိုပိုမိုညစ်ညမ်းစေသည်။

လေထုအရည်အသွေးညွှန်းကိန်း နိုင်ငံတကာသတ်မှတ်ချက်အရ ညွှန်းကိန်းသုညမှ ၅၀ ထိသည် ကောင်းမွန်သည်အဆင့်၊ ၅၁ မှ ၁၀၀သည် လက်ခံနိုင်သည့်အဆင့် (အဝါရောင်)ညွှန်းကိန်း၊ ညွှန်းကိန်း ၁၀၁ မှ ၁၅၀ ထိ ကိုယ်ခံအားနည်းသူများ၊ အဆုတ်ရောင်ရောဂါရှိသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နိုင်သည့်အဆင့် (လိမ္မော်ရောင်)၊ ညွှန်းကိန်း ၁၅၁ မှ ၂၀၀ ထိ လူတိုင်းထိခိုက်နိုင်သည့်အဆင့် (အနီရောင်)၊ ညွှန်းကိန်း ၂၀၁ မှ ၃၀၀ အထိအလွန်ဆိုးရွားသည့်အဆင့် (ခရမ်းရောင်) နှင့် ညွှန်းကိန်း ၃၀၁ မှ ၅၀၀ ထိဘေးအန္တရာယ်ကျရောက်သည့် အဆင့် (နီညိုရောင်) ဟူ၍သတ်မှတ်ထားသည်။

မော်တော်ယာဉ်များတွင် ဓာတ်ဆီတစ်လီတာအသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၂ ဒသမ ၃၂၂ ကီလိုဂရမ်ထွက်ရှိသည်။ ဒီဇယ်တစ်လီတာအသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၂ ဒသမ ၆၅ ကီလိုဂရမ် ထွက်ရှိသည်။ LPG တစ်လီတာအသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁ ဒသမ ၄၈၂ ကီလိုဂရမ်ထွက်ရှိသည်။ CNG တစ်ကီလိုဂရမ်အသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ သုည ဒသမ ၀၅၄၄ ကီလိုဂရမ်ထွက်ရှိသည်။ မော်တော်ယာဉ်များတွင် CNG အသုံးပြုပါက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိနှုန်းနည်းပါးသည်။

**လေထုညစ်ညမ်းခြင်းမှုနှင့် ကျန်းမာရေးအန္တရာယ်**

ကမ္ဘာ့လူသား ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်ကဆိုသည်။ ညစ်ညမ်းသောလေကို ရှူရှိုက်နေကြရခြင်းကြောင့် နှစ်စဉ်လူခုနစ်သန်းခန့်အချိန်မတိုင်မီသေဆုံးနေကြရာ အသက်ငါးနှစ်အောက်



ကလေးများသေဆုံးမှုက ပိုမိုများပြားကြောင်း၊ ၎င်းတို့အနက် ၃ ဒသမ ၈ သန်းသော သေဆုံးသူများမှာ မီးဖိုမှထွက်လာသောမီးခိုးငွေ့ကြောင့်ဖြစ်သည်။ လေထုထဲတွင် မီးခိုးမြူငွေ့များနှင့် ပြာမှုန်များ ဖုံးလွှမ်းကျဆင်းမှုအချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေပါက မျက်စိစပ်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများဖြစ်ပေါ်ခြင်းတို့အပါအဝင် ကျန်းမာရေးဆိုင်ရာပြဿနာများ ဆိုးဆိုးရွားရွား ဖြစ်ပွားစေနိုင်သည်။

ကမ္ဘာ့လူဦးရေထူထပ်သောနေရာများ၏ ၉၁ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားသော လေထုညစ်ညမ်းမှုစံညွှန်းထက်ပို၍ညစ်ညမ်းနေသည်။ လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိသတ္တဝါများအားလုံးကိုဘေးအန္တရာယ်ကြီးမားစွာသက်ရောက်စေသည်။ လေထုညစ်ညမ်းမှုကြောင့် ပျမ်းမျှ လူ ၁၀ ဦးတွင် ကိုးဦး အသက်ရှူမဝဖြစ်ကြရပြီး နောက်ဆက်တွဲအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ စသည်တို့ခံစားရကြောင်း WHO က လေထုညစ်ညမ်းမှုဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။

စက်ရုံ၊ အလုပ်ရုံများနှင့် လူနေမှုရပ်ကွက်များတွင် စွန့်ပစ်အမှိုက်များကို အလွယ်တကူမီးရှို့မှုကြောင့် လေထုညစ်ညမ်းကာ အနီးဝန်းကျင်တွင် နေထိုင်ကြသူများ အသက်ရှုမဝဖြစ်ကြရသည်။ ပုံမှန်ကျန်းမာသန်စွမ်းသူပင် ညစ်ညမ်းသောလေနှင့် မီးခိုးမြူငွေ့များကိုရှူမိလျှင် ချက်ချင်းခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ မျက်စိယားနာခြင်းတို့ကိုခံစားရသည်။ ၎င်းအနံ့ဆိုးများကို အချိန်ကြာကြာသို့မဟုတ် မကြာခဏရှူရှိုက်နေရပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် မျက်ခမ်းစပ်ရောဂါတို့ကိုမလွဲမသွေ ခံစားရစေနိုင်သည်။

ထို့ပြင် ပန်းနာရင်ကျပ်ရောဂါရှိသူ၊ ကင်ဆာရောဂါရှိသူ၊ အဆစ်အမျက်ရောင်ရမ်းနာရှိသူများက ညစ်ညမ်းသောလေနှင့် မီးခိုးငွေ့များ၊ အထူးသဖြင့် ပလတ်စတစ်မီးရှို့ရာမှ ထွက်လာသောအဆိပ်ငွေ့တစ်မျိုးကြောင့် ရောဂါပိုမိုဆိုးရွားလာပြီး သတိလစ်မေ့မြောမှုများပင် ဖြစ်စေကာအပြင်းထန်ဆုံးအခြေအနေ၌အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပေါ်နိုင်သည်။ ကိုယ်ခံအားနည်းသောကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက်လည်း မမျှော်မှန်းနိုင်သောဆိုးကျိုးများစွာခံစားရစေသည်။

လေထုညစ်ညမ်းမှုကြောင့် အထက်ဖော်ပြပါ ကျန်းမာရေးပြဿနာအမျိုးမျိုးအပြင် ပညာရေး၊ စီးပွားရေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ အခြေခံအဆောက်အအုံများ၊ရေအရင်းအမြစ်နှင့် ရာသီဥတုများ စသည်တို့အပေါ် ထိခိုက်ပျက်စီးစေသည်။

**တောမီးလောင်ခြင်းကြောင့် ကင်ဆာရောဂါဖြစ်စေနိုင်**

ယခုအခါ ကမ္ဘာလုံးဆိုင်ရာပူနွေးမှုအခြေအနေဆိုးရွားလာခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် သစ်တောများစွာတို့တွင် တောမီးလောင်မှုပမာဏပိုမိုများပြားလာလျက်ရှိသည်။ ကနေဒါနိုင်ငံ မက်ဂီးလ်တက္ကသိုလ် ပတ်ဝန်းကျင်ဇီဝဗေဒနှင့် ဆက်နွှယ်သောကျန်းမာရေးဌာနမှ တွဲဖက်ပါမောက္ခ စကော့ဝေချင်သာလ် ဦးဆောင်သည့် ဆေးသိပ္ပံပညာရှင်တစ်စုသည် တောမီးလောင်ခြင်းမှ ဖြစ်ပေါ်လာနိုင်သည လူ့ကျန်းမာရေးထိခိုက်မှုအမျိုးမျိုးအကြောင်း မကြာသေးမီက စူးစမ်းလေ့လာခဲ့သည်။ တောမီးလောင်သော သစ်တောရပ်ဝန်းဒေသ အနီးပတ်ဝန်းကျင်၌ နေထိုင်သူများ၏အထွေထွေကျန်းမာရေးအခြေအနေကို ယင်းဆေးသိပ္ပံပညာရှင်များ လက်တွေ့စစ်တမ်းကောက်သုတေသနပြုခဲ့ခြင်းဖြစ်သည်။ ထိုသုတေသနပြုရာမှ ပေါ်ထွက်လာသောရလဒ်တွင် ယင်းပတ်ဝန်းကျင်၌ နေထိုင်သူအများစုသည် အဆိပ်ငွေ့များရှူမိရာမှ အဆုတ်ကင်ဆာနှင့်ဦးနှောက်အကြိတ်ရောဂါထိ ရရှိနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

**ဂက်စ်မီးဖိုက သဘာဝရာသီဥတုနှင့် လူ့ကျန်းမာရေးကို ထိခိုက်နိုင်**

ရှေးယခင်ကအစားအစာချက်ပြုတ်ရန် ထင်းကိုလည်းကောင်း၊ မီးသွေးကိုလည်းကောင်းအသုံးပြုခဲ့ကြရာမှ နောက်ပိုင်းတွင် ရေနံအခြေပြုလောင်စာများနှင့် လျှပ်စစ်ကိုအသုံးပြုလာခဲ့ကြသည်။ ယခုအခါနေအိမ်များ၌ ဂက်စ်မီးဖိုကို အသုံးပြုနေကြသည်။ သဘာဝဓာတ်ငွေ့ကို မီးဖိုချောင်နှင့် မော်တော်ယာဉ်များတွင် အသုံးပြုခြင်းသည် ကာဗွန်အခြေပြုဓာတ်ငွေ့များထုတ်လုပ်ခြင်းထက် နှစ်ဆမျှပိုမို၍ ရာသီဥတုနှင့် လူ့ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း အမေရိကန်နိုင်ငံရှိ စတန်းဖို့ဒ်တက္ကသိုလ် မှ သိပ္ပံပညာရှင်များက သတိပေးထားပါသည်။

**မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပြဿနာ**

ဖော်ပြပါ ဖြစ်စဉ်များအတွင်းတန်ချိန် သန်းပေါင်းများစွာရှိသောဓာတ်ငွေ့နှင့် အမှုန်များကိုလေထုအတွင်းသို့ နှစ်စဉ် ထုတ်လွှတ်နေခြင်းသည် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေသည့်အပြင် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်များကိုလည်း ဖြစ်ပေါ်စေသည်။ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့်အကြောင်းရင်းခံမှာ ယာဉ်များ၏လောင်စာလောင်ကျွမ်းမှုနှင့် ရုပ်ကြွင်းလောင်စာများဖြင့် မီးရှို့လည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့တို့ကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ယခင်နှစ်က ပြီးစီးသွားသည့် ဂလက်စဂို COP26 အစည်းအဝေးသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ခန့်က ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သမိုင်းဝင် အစည်းအဝေးကြီးဖြစ်သည်။ အဆိုပါအစည်းအဝေး၏ဆုံးဖြတ်ချက်တွင် လျှပ်စစ်စွမ်းအင်ထုတ်လွှတ်မှုအပိုင်း၌ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအတွက် များစွာအရေးပါသောအရင်းအမြစ်ဖြစ်သည့် ကျောက်မီးသွေးအသုံးပြုမှု လျှော့ချရန်သဘောတူညီခဲ့ကြသည်။ သို့ရာတွင် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညအဆင့်လျှော့ချရန် ကတိပြုကြရေးရည်မှန်းချက်ကိုမပြည့်မီခဲ့ပေ။

မည်သို့ပင်ဆိုစေကာမူ COP26 အစည်းအဝေးမှ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အရေးပါသောဆုံးဖြတ်ချက်များချနိုင်ခဲ့ခြင်းအပေါ် ကြိုဆိုရမည်ဖြစ်သည်။ လေထုညစ်ညမ်းမှုကိုထိန်းချုပ်ခြင်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကာကွယ်တားဆီးရေးလုပ်ဆောင်ချက်ဖြစ်သကဲ့သို့ အများပြည်သူတို့၏ ကျန်းမာရေးကိုကာကွယ်ပေးသည့် လုပ်ငန်းစဉ်လည်းဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကိုတားဆီးနိုင်မည့်အပြင် လေထုညစ်ညမ်းမှုနှင့် လူသားများ၏ အသက်အန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကယ်တင်နိုင်မည်ဖြစ်သည်။

**မီးခိုးမြူငွေ့အန္တရာယ် ပူးပေါင်းကာကွယ်**

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ် မတ် ၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြူကင်းစင်သောကောင်းကင် မဟာဗျူဟာဆိုင်ရာပူးတွဲ လုပ်ငန်းစီမံချက်ထုတ်ပြန်ကြေညာခြင်းအခမ်းအနားတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်ရာ တောမီးလောင်မှုထိန်းချုပ်ရေးနှင့် မီးငြိမ်းသတ်ရေးစနစ်၊ စောင့်ကြည့်ရေးစနစ်၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုစနစ်၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာဥပဒေများ၊ သက်ဆိုင်ရာပြည်တွင်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အချုပ်ဆိုသော် နေ့စဉ်စွန့်ပစ်အမှိုက်များကို အမှိုက်မီးရှို့ခြင်းမပြုရန်နှင့် အိမ်ထောင်စုတိုင်းတွင် တစ်ဦးချင်းစီကအသိကိုယ်စီဖြင့် အမှိုက်မီးရှို့ခြင်းကို ရှောင်ကြဉ်ရန် မိမိနှင့်တကွ ပတ်ဝန်းကျင်ရှိနေထိုင်သူများလည်း မီးခိုးမြူငွေ့ညစ်ညမ်းမှုအပါအဝင် လေထုညစ်ညမ်းမှုဆိုးကျိုးအမျိုးမျိုးမှ ကင်းဝေးစေရန် အသိပေးရေးသားလိုက်ရပါသည်။

ပေါက်ပေါက်




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၇၇၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ထောပတ်ပဲ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ၉၆၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေကိုလဲ ထောပတ်ပဲစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်အောင် မြေမှန်မျိုးမှန် စနစ်တကျ စိုက်ပျိုးဖို့၊ သွင်းအားစုပစ္စည်းတွေ စနစ်တကျ သုံးစွဲဖို့၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းတာတွေကို ကြိုတင်ဆောင်ရွက်ဖို့စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ထောပတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအရည်အသွေး ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရာတွင် သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း စသည့် လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိမ့်မွန်ကျော်၊ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးအရာရှိ(နည်းပညာ)က လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ချိုင်းကျေးရွာတွင် အရှည် ပေ ၂၂၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား တစ်ပေ၊ သဲဖြူနီးကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၎င်းလမ်းပေါ်တွင် Slab Culvert တစ်စင်း၊ Pipe Culvert သုံးစင်း တည်ဆောက်နေမှု လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၂၇ သန်းဖြင့် တင်ဒါအောင်မြင်သော ဝမ်းပြည့်အောင်ကုမ္ပဏီမှ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲလွဲနိုင်ထံမှ သိရသည်။

**ချိုသန်းညွန့်**







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။





COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ... စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။



❖ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...

❖ ရှိပြီးဖြစ်သည့်ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# (၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉